ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လကွယ်၊ တနင်္လာနေ့၊ (7-1-2008) (၅၅၅၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဦးအောင်သောင်း စစ်မှုထမ်းဟောင်းကျေးရွာ(သဲဖြူ) တည်ဆောက်ပြီးစီးမှုနှင့် ဒဂုန်အချိုရည်နှင့် ရေခဲစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၂) စစ်မှုထမ်းဟောင်းကျေးရွာ(သဲဖြူ)သို့ ရောက်ရှိရာ သဲဖြူကျေးရွာမမှာရုံး၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(အငြိမ်းစား)နှင့် တာဝန်ရှိသူတို့က တန်ဖိုးနည်းနေအိမ်များ အကွက်ချထားမှု၊ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်နှင့် ရေသွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များကို မှာကြားကာ စစ်မှုထမ်းဟောင်းမိသားစု စုစုပေါင်း ၁၉၃ ဦးတို့၏ စားဝတ်နေရေးကိစ္စရပ်များ၊ မိသားစုအလုပ်အကိုင်ရရှိရေး ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းသည် မဟာဗေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ သဲဖြူကျေးရွာ တည်ဆောက်ထားရှိမှု အခြေအနေနှင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော သက်သာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မှော်ဘီမြို့နယ် အမှတ်(၂) စစ်မှုထမ်းဟောင်းကျေးရွာ (သဲဖြူ) တည်ဆောက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၆-၁-၂၀၀၈

ဟားခါး	➡ (-၄) ဒီဂရီစင်တီဂရိတ်
ပင်လောင်း	➡ (၄) ဒီဂရီစင်တီဂရိတ်
နမ့်စန်	➡ (၅) ဒီဂရီစင်တီဂရိတ်

ယနေ့ သတင်းအညွှန်း

မြန်မာ့အလှကို ကမ္ဘာကသိစေချင်သည့် In Buddha's Land ဓာတ်ပုံပြပွဲ — စာမျက်နှာ-၃

နျူကလီးယားစခန်းများစာရင်း ပါကစ္စတန်နှင့် အိန္ဒိယ အပြန်အလှန် ဖလှယ်မည် — စာမျက်နှာ-၅

ထူးထူးခြားခြား နိုင်ငံတကာသတင်းများ — စာမျက်နှာ-၁၀

ကျန်းမာရေးပညာပေး ဆောင်းပါးအညွှန်း

မိမိအသုံးပြုနေသော အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ အန္တရာယ်ကင်းရှင်းမှု လုံခြုံစိတ်ချရမှုသည်သာ ပိုမိုအရေးကြီးကြောင်း သတိပြုသင့်ပါသည်။

ပါမောက္ခ ဒေါက်တာပိုင်စိုး၏ **"အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး"**

(ဆောင်းပါး) စာမျက်နှာ-၄

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၁-၂၀၀၈
(တနင်္လာနေ့)

လူမှုစီးပွားအကျိုးပြု တံတားသစ်များ ဖွင့်လှစ် ကုန်စည်ကူးသန်းမှု မြန်ဆန်ချောမွေ့ သွက်လက်

မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့သည် စိုက်ပျိုးမြေကျယ်ပြန့်များပြားသော ဒေသများဖြစ်သည်။ စိုက်ပျိုးရေလုံလောက်စွာ ရရှိသည်နှင့်အမျှ စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသည်။

ယခုအခါ မကွေးတိုင်းအတွင်း မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံစီမံကိန်းများကို တည်ဆောက်လျက်ရှိရာ အချို့ရေလှောင်တမံဘက်စုံစီမံကိန်းများ ပြီးစီးနေသဖြင့် ဧရာဝတီအနောက်ဘက်ကမ်းရှိ ဒေသများ မိုးစပါး၊ နွေစပါးအပါအဝင် သီးထပ်သီးနှံများ စိုက်ပျိုးရေးအတွက် အကျိုးပြုလျက်ရှိသည်။

တစ်ဖက်မှလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအတွက် လမ်း၊ တံတားပေါင်း များစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးထားရာ လူမှုစီးပွားဖွံ့ဖြိုးမှုကို ပိုမိုအကျိုးပြုလျက်ရှိသည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် မိုင်လေးရာကျော်ရှည်သည့် ပုသိမ်-မုံရွာ လမ်းမကြီးကို ဖောက်လုပ်ပေးထားရာ အချို့လမ်းအပိုင်းများ၌ လိုအပ်သော တံတားကြီး၊ တံတားငယ်များကို တည်ဆောက်ပေးလျက်ရှိသည်။

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် မဲဇလီတံတားကို ဇန်နဝါရီလ ၂ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)ရှိ အဓိကကျသည့် တံတားကြီးဖြစ်ရာ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများ ဥသျှစ်ပင်-ပဒါန်း-ကဇွန်းမ လမ်းပိုင်းမှတစ်ဆင့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း၌ မဲဇလီတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးအစင်း ၂၃၀ကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများနှင့်အတူ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ မြန်ဆန်သွက်လက်လာလျက်ရှိရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်သည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းအတွင်း တိုးချဲ့မြေနှစ်ကေ၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးနှစ်-ဒေါ်တင်ကြည်တို့၏ (၁၈)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့နေ ဦးအောင်ဌေး-ဒေါ်အေးအေးဝင်း၊ ဦးရွှေတိုး-ဒေါ်ခင်ခင်ဝေ၊ ဦးထွန်းထွန်း-ဒေါ်မြင့်မြင့်သန်းမောင်နှမတစ်စုက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်း ရှိမြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စာရိတ္တာသီရိ (Ph.D) (Thesis၊ ဗုဒ္ဓဂယာ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်္ဂလိပ်စာ ပညာဒါနဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် သုဇနာရာမ ဝိဇ္ဇာသိပ္ပံစာသင်တိုက် (၄)ရပ်ကွက် အဓိပတိလမ်း စိန်ပန်းမှတ်တိုင် ဒဂုံတက္ကသိုလ်အနီးတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းမှူး ဆရာတော် အရှင်ကဝိဓဇ(B.Com.) ဦးစီး၍ အဆင့်မြင့်အင်္ဂလိပ် စကားပြောသင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်ကြားသွားမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်နေသူများ၊ ဘွဲ့ရ၊ ဘွဲ့လွန်များ၊ ဝန်ထမ်းများ တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ပြည်သူ့သဘောထား	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့နယ် ကျောက်ဆုံကျေးရွာရှိ ကျောက်ဆုံနှစ်ရှည်နှင့် ရာသီသီးနှံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေ၊ ဗလာစာအုပ်နှင့် ကျောင်းအသုံးအဆောင် ပစ္စည်းများကို လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးပြီး အလှူငွေကျပ်တစ်သိန်းကို အင်တောအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံသို့လည်းကောင်း၊ ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအကျိုးတော်ဆောင်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်း ဗထူး(ရပ်စောက်မြို့) ကျောင်းခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး ရပ်စောက်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ဗထူးမြို့ အခြေခံပညာအထက်တန်းကျောင်းများအတွက် အလှူငွေများနှင့် စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားရှိသော သရက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တောင်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် တောင်ကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အမှုဆောင်များ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများအား တွေ့ဆုံ၍ ရပ်ရွာအကျိုး စုပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အင်တောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (စီပွား/ကူးသန်း)

ဇန်နဝါရီ ၁ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်၊ ဧယျာ(၁၀)လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ (၁၀)လမ်းနေ အလှူရှင် ဦးကိုကိုနိုင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (၆၃)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် သစ္စာလမ်းနေ ဦးအုန်းဖေ-ဒေါ်သန်းနု၊ သမီး ဒေါက်တာ ဒေါ်အောင်မေကြည် (အောင်မြေမျက်စိအထူးကုဆေးခန်း)မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးပိုလေးတို့ လက်ခံယူစဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်း ဆရာဝန်ရိပ်သာနေ မိခင် ဒေါ်သန်းနှစ်၊ အစ်မကြီး ဒေါ်စန်းရီတို့ကို ရည်စူး၍ ဒေါက်တာ တင်မောင်သိန်း၊ ဒေါက်တာ သီတာအောင် မိသားစုတို့က ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ အမှုဆောင် ဒေါ်နီနီထွန်း လက်ခံယူစဉ်။ (က-ပ)

တိပိဋကဓရ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်များ ဓမ္မသဘင်

ရန်ကုန်   ဇန်နဝါရီ ၆

ဓမ္မမာလာ၏ တတိယအကြိမ်မြောက် တိပိဋကဓရ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ၏ ဓမ္မသဘင်နှင့် ဓမ္မပူဇော်ပွဲကို သာကေတမြို့နယ် (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင် စေတီတော်ဝင်းအတွင်း ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ ရက်တွင် ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ၊ ၁၁ ရက်တွင် စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ၁၂ ရက်တွင် မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ ၁၃ ရက်တွင် မြင်းမူ ဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ ၁၄ ရက်တွင် ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုမာရပါလ၊ ၁၅ ရက်တွင် မြင်းခြံ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ ၁၆ ရက်တွင် ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသတို့က ညစဉ် ၈ နာရီမှစတင်ပြီး တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

မကောင်းသောအမှု မပြုပါနှင့်

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိပြီးသော် စိုးရိမ်ပူပန် နောင်တရ၏။
ထိုအမှု၏ ဆိုးကျိုးကိုလည်း မျက်ရည်စက်လက် ငိုကြွေးခံစားရ၏။
ထိုအမှုကို မကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၇)

စာဆိုကျေးဇူး ညွှတ်နူးကော်ရော် ပူဇော်ပါသည်

* ပု,ပင်း,အင်း,တောင်၊ ညောင်,ကုန်းဘောင်တွင်
ခေတ်စဉ်ဆက်ဆက်၊ စာမျိုးဆက်များ
ထင်ရှားခဲ့ကြ၊ မြန်မာ့စာပေ
ယဉ်ကျေးမွေများ၊ တန်ဖိုးထားမိ
ဝင့်ကြွားဂုဏ်ဒြပ်၊ ထည်ထည်ဝါ----။
* ပုဂံခေတ်တွင်၊ အနန္တသူရိယ
ပင်းယခေတ်တွင်၊ စတုရင်္ဂ
ဗလအမတ်ကြီး၊ စွမ်းကြီးစာများ
ရေးသီသွားဖြစ်၊ အင်းဝခေတ်မှာ
ရှင်မဟာရဋ္ဌ၊ ရှင်သီလဝံသနှင့်
ထိုမှတဖြာ၊ တောင်ဖီလာအစ
များလှထွေထွေ၊ စာပေရှင်အဆူဆူ
တောင်ငူနတ်သျှင်၊ ညောင်ရမ်းတွင် ပဒေသရာဇာ
ကုန်းဘောင်မှာဆရာဖေ၊ နဘေပြိုင်ကြ
ဦးပုညမဟော်၊ ကလော်တိုင်းဉာဏ်ထွက်
ပေထက်ကညစ်တင်၊ စာစုံလင်ရေး
ရေးကဝိများကို၊ ကြည်ညိုညွှတ်တွား
အားကျမမေ့၊ ယနေ့ခေတ်တွင်
စာပေရှင်တို့၊ မချို့ဂုဏ်လှိုင်
နိုင်ငံတော်က၊ ချီးပမြှောက်စား
မျက်ဝါးထင်ထင်၊ တွေ့မြင်ရသော်
ရေးမော်ကဝိ၊ ရှိခဲ့အထူး
စာကျေးဇူးကို၊ ညွှတ်နူးကော်ရော်
ကျွန်ပူဇော်က၊ ဆယ်ဖြာလက်စုံ
ကြာပဒုံဖြင့်၊ ဂုဏ်ပြုဦးခိုက်မိတကား----။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

မြန်မာ့အလှကို ကမ္ဘာကသိစေချင်သည့် In Buddha's Land ဓာတ်ပုံပြပွဲ

ရန်ကုန်   ဇန်နဝါရီ ၆

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ The Grand Mee Ya Hta Residence တွင် ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၈နာရီခွဲမှ ည ၈နာရီအထိ မိုးမင်း (RAYS) ၏ In Buddha's Land ဟု အမည် ပေးထားသည့် ဓာတ်ပုံပြပွဲကို ပြသလျက်ရှိသည်။

ပြပွဲဓာတ်ပုံများမှာ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မုံရွာ၊ ဖိုးဝင်တောင်၊ မြောက်ဦး၊ ပုဂံ၊ အင်းလေး၊ တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ ကျိုက်ထီးရိုး၊ အင်းတော်ကြီးဒေသတို့၏ သဘာဝအလှ မြင်ကွင်းများကို ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။ အကြီးဆုံး လက်မ ၂၀ x၅၀ အထိရှိပြီး အသေးဆုံး ၁၀လက်မ x ၁၅လက်မ အရွယ်ပုံပေါင်း ၆၀ ကို ပြသထားပြီး မိုးမင်း(RAYS) ၏ အတွေးအမြင်၊ အယူအဆ၊ ကျွမ်းကျင်မှုနှင့် အနုပညာတို့ကို မြင်တွေ့ရသည်။

ဗုဒ္ဓသာသနာတော် ထွန်းကားသော မြန်မာနိုင်ငံ၏ ရေမြေတော တောင် သဘာဝ အလှဓလေ့စရိုက်များကို ပုံဖော်နိုင်ရန်အတွက် လေးနှစ်ကြာ စုဆောင်းခဲ့ရကြောင်း၊ ကိုယ်တွေ့ မြင်နိုင်အောင်လည်း သွားရောက်စေချင်ကြောင်း၊ ထို့အပြင် မြန်မာ့အလှကို ကမ္ဘာကလည်းသိစေချင်ကြောင်း မိုးမင်း (RAYS) က ပြောကြားသည်။

မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးသို့ အပင်ပန်းခံ သွားရောက်ရိုက်ကူးခဲ့ခြင်းကြောင့် မြန်မာတို့၏ ရေမြေတောတောင် သဘာဝအလှတရားနှင့် ဓလေ့စရိုက်တို့ကို အနီးကပ်မြင်တွေ့နိုင်မည်ဖြစ်သည်။

(ကြေးမုံ)

အင်းလေးဒေသ၏ ဓလေ့အတိုင်း လှေဖြင့်ဆွမ်းခံကြွစဉ် အခြားလှေတစ်စင်းဖြင့် အမျိုးသမီးငယ်က ပစ္စည်းလှူဒါန်းနေသောဓာတ်ပုံ။

ရောဝတီမြစ်နံဘေးမှ ခြင်္သေ့ကြီးနှစ်ကောင်၏ ဓာတ်ပုံသည် ဆွဲဆောင်မှုအားကောင်းသည်။

မိုးမင်း (RAYS) **က** In Buddha's Land **ဓာတ်ပုံ ပြပွဲအကြောင်း ရှင်းလင်း ပြောကြားစဉ်။**

နှစ်ဖက်သောမိဘများနှင့် မောင်လေးဥက္ကာ (ဖျာပုံ)တို့အား ရည်စူး၍ နတ်မောက် ဘုန်းတော်ကြီးသင် အလယ်တန်းပညာရေးကျောင်း ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကုသလ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အား ကျောင်းဘက်စုံဖွံ့ဖြိုးရေးနှင့် မိဘမဲ့ကလေးများအတွက် ဦးမိုးညွှန့်–ဒေါ်အေးအေးသောင်း မိသားစု (၃၈)လမ်းက အလှူငွေကျပ် ၂၃ သိန်း လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇–၁–၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅–၁:၀၅	"ပြတ်ပြတ်သားသား" တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၈:၀၅–၂:၀၅	Soccer Update
၈:၂၀–၂:၂၀	တေးဂီတအစီအစဉ်
၈:၃၀–၂:၃၀	ပါဝင်ဆင်နွှဲမော်ကျွန်းမြို့ တာဝတိံသာဆင်းပွဲ
၉:၀၀–၃:၀၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉:၁၅–၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀–၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀–၃:၃၀	တည်ငြိမ်အေးဆေးစွာ တရားဘာဝနာအားထုတ်နိုင်စေရာ
၉:၄၅–၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀–၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅–၃:၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးမွေးရာပါနှလုံးရောဂါအကြောင်း) (ပါမောက္ခ ဦးလှမြင့်ထွန်းနှင့် တွေ့ဆုံခြင်း)
၁၀:၁၅–၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀–၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅–၄:၂၅	လောကီလောကုတ္တရာနှစ်ဖြာချမ်းသာဝိသာခါ
၁၀:၄၀–၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀–၄:၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ဦးသန်းဌေး(ဝေဒမဂ္ဂဇင်း)နှင့်တွေ့ဆုံခြင်း]
၁၁:၁၀–၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅–၅:၁၅	အမြင့်သဘင်၏ရုပ်သေးသမစဉ်(အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)
၁၁:၃၅–၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀–၅:၄၀	ကြည်စွအယုခန္ဓာ့အလှူဓမ္မနှင့်လှု
၁၂:၀၅–၆:၀၅	Yangon Panorama (ဦးသုခပန်းချီပြပွဲ)
၁၂:၃၀–၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅–၆:၃၅	ကားချစ်သူတို့အတွက် ကားမိတ်ဆက်ကဏ္ဍ(၂)
၁၂:၄၅–၆:၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယနေ့ မိုးလေဝသ

၇–၁–၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး

ပါမောက္ခ ဒေါက်တာပိုင်စိုး

ယခုအခါ ကမ္ဘာကြီးသည် ခေတ်မီတိုးတက်လျက်ရှိပြီး စက်မှုလက်မှု ဖွံ့ဖြိုးလာသည်နှင့်အမျှ လူများစွာတို့သည် လုပ်ငန်းသုံး ဓာတုပစ္စည်းများနှင့် နေ့စဉ် ထိတွေ့နေကြရသည်။ အထူးသဖြင့် လူတို့နေ့စဉ် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသုံးပြုသော ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများသုံးစွဲခြင်းဖြင့်လည်း ဓာတုပစ္စည်းများနှင့် နေ့စဉ်ထိတွေ့နေကြရပေသည်။

ကမ္ဘာပေါ်ရှိ လူသတ္တဝါအားလုံးသည် အလှအပကို ခံစားကြိုက်နှစ်သက်ကြသည်။ အထူးသဖြင့် အမျိုးသမီးအများစုမှာ အလှအပပစ္စည်းနှင့် ကင်းလွတ်သူဟူ၍ အလွန်ရှားပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် စက်မှုဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီအလှအပ အသုံးဆောင်များစွာ ပေါ်ပေါက်နေပြီ ဖြစ်ပေသည်။ လူသုံးကုန် အလှအပ ပစ္စည်းများ၊ အရေပြားအလှ ထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းများ၊ နေ့စဉ်တစ်ကိုယ်ရေ သန့်ရှင်းရေးတွင် အသုံးပြုသော ပစ္စည်းများ၊ အမျိုးသမီးများ အလှခြယ်သသော ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး၍ သုံးစွဲသူများလည်း ကမ္ဘာနှင့်အဝန်း များပြားနေပြီဖြစ်သည်။ ထုတ်လုပ်သူအနေဖြင့်လည်း မိမိ၏ ရောင်းကုန်ပစ္စည်းကို သုံးစွဲနေသူများ ပိုမိုစိတ်ဝင်စားမှုရှိအောင်နှင့် မိမိတို့၏ ရောင်းကုန်ပိုမိုကောင်းမွန်စေရန်အတွက် ဓာတုပစ္စည်းများ ထည့်သွင်းသုံးစွဲလာကြကြောင်း တွေ့ရှိရပေသည်။ အလှကုန်ပစ္စည်းများနှင့် နေ့စဉ်သုံးဆပ်ပြာ၊ ခေါင်းလျှော်ရည်များတွင် အသုံးပြုနေသော ဓာတုပစ္စည်းအများစုမှာ ကင်ဆာရောဂါ၊ မွေးရာပါ ချို့ယွင်းမှုဖြစ်ခြင်းနှင့် ကျန်းမာရေးပြဿနာများပေးနိုင်သည်။

အလှကုန်ပစ္စည်းများတွင် အများဆုံးအသုံးပြုသော ဓာတုပစ္စည်းများမှာ Phthalates ethylene dioxide, 1,4 dioxane, formaldehyde, nitrosaminesနှင့် Acrylamideတို့ ဖြစ်သည်။ ၎င်းတို့အနက် ခဲ (lead)ကို အရောင်လှပစေရန်နှင့် ကြာရှည်ခံရန် နှုတ်ခမ်းနီတောင့်များတွင် ထည့်သွင်း အသုံးပြုကြသည်။ ခေါင်းလျှော်ရည်များထဲတွင် 1,4 dioxaneကို ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။ ၎င်းပစ္စည်းများမှာ နေ့စဉ်အသုံးပြုသော ပစ္စည်းများဖြစ်သဖြင့် နေ့စဉ်ပမာဏ အနည်းငယ်စီ ဝင်ရုံမျှဖြင့်ပင် မကောင်းသော ဆိုးကျိုးများ ဖြစ်စေနိုင်ပေသည်။ ဥပမာ–လက်သည်းဆိုးဆေးသုံးစွဲလျှင် နေ့စဉ် အနည်းငယ်မျှ သုံးစွဲရုံဖြင့် ပါဝင်သော ဓာတုပစ္စည်းများကြောင့် အန္တရာယ်ဖြစ်နိုင်ပေသည်။ သို့ရာတွင် နိုင်ငံအများစု၌ အလှကုန်ထုတ်လုပ်မှုအတွက် ကုန်ပစ္စည်းများ မဖြန့်ဖြူးမီ အန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးအတွက် ပြဿနာရှိ၊ မရှိ စမ်းသပ်ထားခြင်းနှင့် အလှကုန်ထုတ်လုပ်မှုအတွက် လိုက်နာရန် ပြဋ္ဌာန်းထားသော ဥပဒေများ မရှိသေးပေ။

နှုတ်ခမ်းနီနှင့် ခဲဆိပ်သင့်ခြင်း(Poison Kiss)

နှုတ်ခမ်းနီကို အရောင်ပိုမိုလှပစေရန်အတွက်လည်းကောင်း၊ နှုတ်ခမ်းပေါ်တွင် တာရှည်ခံရန်အတွက်လည်းကောင်း ခဲများကို ထည့်သွင်းဖော်စပ်လာကြသည်။ သုံးစွဲသူများအနေဖြင့် မိမိအတွက် အန္တရာယ်မရှိသော စိတ်ချရသည့် အလှကုန်ကို ရွေးချယ်သုံးစွဲရန် လိုအပ်လာသည့်အလျောက် နေ့စဉ်သုံးစွဲနေသော နှုတ်ခမ်းနီတွင် ခဲပါဝင်မှုပမာဏကို စမ်းသပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း လူအများ သတိပြုမိလာကြပေသည်။ အနောက်နိုင်ငံများတွင် အသုံးအများဆုံးသော နှုတ်ခမ်းနီ ၃၃မျိုးအနက် တစ်ဝက်ကျော်တွင် ခဲပါဝင်ကြောင်း တွေ့ရှိရသည်။ ၎င်းတို့အနက် သုံးပုံတစ်ပုံသော နှုတ်ခမ်းနီများတွင် ခဲပါဝင်မှုပမာဏ(၀ ဒသမ ၀၃ မှ ၀ ဒသမ ၆၅ ppm) ပါဝင်ကြောင်း တွေ့ရှိရသည့်အတွက် ခွင့်ပြုထားသော ပမာဏ (အစားအသောက် သကြားလုံးများတွင် ခဲခွင့်ပြုထားသော ပမာဏ ၀ ဒသမ ၁ ppm)ထက်ပိုမို၍ ပါဝင်ကြောင်း တွေ့ရှိရသည်။ ခဲသည် ခွင့်ပြုပမာဏထက် ပိုမိုသုံးစွဲမိပါက အာရုံကြောများကို ထိခိုက်စေပြီး ပညာသင်ကြားရေး၊ ကိုယ်ရည်ကိုယ်သွေး ပြဿနာများနှင့် ရင်ဆိုင်ရမည့်အပြင် ကလေးမရနိုင်ခြင်း၊ မကြာခဏ သားပျက်ခြင်းတို့ ဖြစ်တတ်ပေသည်။ ခဲသတ္တုဓာတ်သည် အနည်းငယ်မျှ ပါဝင်ရုံဖြင့် အန္တရာယ်ရှိနိုင်ပေသည်။ ခဲဆိပ်သင့်ခြင်းသည် ကလေးများတွင် ပိုမိုဖြစ်ပွားနိုင်သဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် မိမိတို့ထံမှ ခဲဆိပ်များ သန္ဓေသားသို့ မရောက်ရှိစေရန် ခဲများပါဝင်သော နှုတ်ခမ်းနီသုံးစွဲခြင်းကို အထူးဂရုပြု၍ ရှောင်ကြဉ်သင့်ပေသည်။

ပုံမှန်အားဖြင့် နှုတ်ခမ်းနီတောင့်တွင်ပါဝင်သော ခဲပမာဏမှာ တိုင်း၍ မရအောင်ပင် နည်းပါးရပေမည်။ သို့ရာတွင် အချို့သော နှုတ်ခမ်းနီများတွင် ခဲပါဝင်မှုမှာ 10 မှ 20 ppm ပင်ရှိနေကြောင်း တွေ့ရှိရသည်။ နှုတ်ခမ်းနီသည်လည်း အစားအသောက်များကဲ့သို့ပင် ခန္ဓာကိုယ်ထဲသို့ ခဲကိုတိုက်ရိုက်ရောက်ရှိစေနိုင်သည်။

နှုတ်ခမ်းနီများထဲတွင် ခဲသတ္တု ပါဝင်ရခြင်းမှာ ခဲသက်သက်ကို ထည့်ခြင်းမဟုတ်ဘဲ နှုတ်ခမ်းနီ ပြုလုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများဖြစ်သည့် Zinc oxide, titanium dioxide, mineral wax (သို့) paraffinနှင့် mineral oil နှင့် petrolatum တို့မှလည်း ခဲသတ္တုသည် ပါဝင်လာနိုင်သည်။ သို့ရာတွင် ခဲသတ္တုလုံးဝ ပါဝင်မှုမရှိသော နှုတ်ခမ်းနီများလည်းရှိသည်။

ရေမွှေးနှင့်ကျန်းမာရေးအန္တရာယ်

ရေမွှေးတွင် ပါဝင်သောပစ္စည်းအချို့မှာ အရေပြား အသားနုများ၊ အသက်ရှူလမ်းကြောင်းများတွင် ရောဂါဖြစ်ပွားခြင်း၊ မျိုးပွားခြင်းနှင့် အာရုံကြောများကို ထိခိုက်စေသော ဆိုးကျိုးများရှိကြောင်း တွေ့ရှိရသည်။ ရေမွှေးပြုလုပ်ရာတွင် အသုံးပြုသော [phenyl/methyl acetic acid ester and 2,6-bis (1,1-dimethylethyl)-4-methyl-phenol] ဓာတုပစ္စည်းများသည် ကင်ဆာရောဂါကို ဖြစ်စေနိုင်ပါသည်။

အလှကုန်ပစ္စည်းများနှင့် ကင်ဆာရောဂါ

အမေရိကန်နိုင်ငံတွင် နှစ်စဉ်လူပေါင်း ၃၈၀၀၀ ခန့်သည် အလှကုန် သုံးစွဲခြင်းဖြင့် ရရှိသော ဆိုးကျိုးများကိုခံစားနေရသည်။ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေး၊ အရေပြားထိန်းသိမ်းဆေး၊ ဆံပင်ပျော့ဆေး၊ မိတ်ကပ်၊ မျက်တောင်ကော့ဆေး၊ လက်သည်းဆိုးဆေး၊ ရေမွှေးနှင့် အခြား အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်း၏ အန္တရာယ်နှင့် နေ့စဉ်ရင်ဆိုင်နေရပေသည်။ ၎င်းပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများမှာ– sodium lauryl sulfate (SLS), sodium laureth sulfate (SLES), propylene glycol, diethanolamine (DEA), cocamide DEA, lauramide DEA, fluride, alcohol, alpha hydroxyl acid, dioxin, formaldehyde, mineral oil, petrolatum, propane, talc တို့ ဖြစ်ကြသည်။ ၎င်းဓာတုပစ္စည်းများသည် ကင်ဆာရောဂါ၊ မွေးရာပါ ချို့ယွင်းမှု၊ အာရုံကြောထိခိုက်မှု၊ ပန်းနာရင်ကျပ်၊ အရေပြားနှင့် မျက်စိ ယားယံခြင်းများကို ဖြစ်စေသည်။

လူများနေ့စဉ် သုံးနေသော ဆပ်ပြာ၊ သန့်ရှင်းရေးပြုလုပ်ရာတွင် သုံးသောဆေးရည်များ၊ အရေပြားအလှ ထိန်းသိမ်းရာတွင် အသုံးပြုသော လိမ်းဆေးများ၊ ခေါင်းလျှော်ရည်၊ ဆံပင်ပျော့ဆေးများတွင် ethoxylated alcohol, polysorbateနှင့် laurethတို့ ပါဝင်သည်။ ၎င်းဓာတုပစ္စည်းများတွင် အငွေ့ပျံလွယ်သော 1,4-dioxaneရောနှောပါဝင်လျက်ရှိသည်။ ၎င်းသည် ၁၉၆၅ခုနှစ်တွင် ပြုလုပ် ခဲ့သော သုတေသနတွေ့ရှိချက်များအရ ကြွက်များတွင် ကင်ဆာရောဂါ ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပြီး ၁၉၇၈ခုနှစ်တွင် အမျိုးသားကင်ဆာဌာနမှ နှာခေါင်းလမ်းကြောင်း ကင်ဆာရောဂါကို ကြွက်များတွင်လည်းကောင်း၊ အသည်းကင်ဆာကို ကြွက်ဖြူလေးများတွင်လည်းကောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် သုတေသနတွေ့ရှိချက်များအရ ပရိဘောဂထုတ်လုပ်သော အလုပ်သမားများတွင် နှာခေါင်းလမ်းကြောင်း ကင်ဆာအဖြစ်များကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အမေရိကန်နိုင်ငံရှိ အဆိပ်အတောက်ပစ္စည်းများကြောင့် အဖြစ်များသော ရောဂါနှိမ်နင်းရေးဌာနမှ 1,4-dioxane ပါသည့် အလှကုန်ပစ္စည်းများကို မသုံးစွဲရန် တားမြစ်ခဲ့ပါသည်။

1,4-dioxaneသည် ဆံပင်ပျော့ဆေးတွင် ၉၇ရာခိုင်နှုန်း၊ ကလေးသုံးဆပ်ပြာများတွင် ၅၇ ရာခိုင်နှုန်းနှင့် အခြားသော အလှကုန်ပစ္စည်းများတွင် ၂၂ ရာခိုင်နှုန်းပါဝင်ကြောင်းတွေ့ရှိရသည်။ ကင်ဆာရောဂါအဖြစ် အများဆုံး ဓာတုပစ္စည်းခုနစ်မျိုးမှာ ethylene dioxide, hydroquinone, 1,4-dioxane, formaldehyde, nitrosamines, PAHsနှင့် acrylamide တို့ဖြစ်သည်။ ဆံပင်ဆိုးဆေးတွင် အထူးသဖြင့် အနက်ရောင်နှင့် အညိုရင့်ရောင်တို့သည် Non-Hodgkin's Lymphoma နှင့် Multiple myeloma ကဲ့သို့သော ရောဂါများဖြစ်ပွားစေနိုင်သည်ဟု အချို့သော သုတေသနများတွင် တွေ့ရှိခဲ့ကြသည်။ နေ့စဉ်သုံး အလှကုန်ပစ္စည်းများ ဖြစ်သည့် ဆပ်ပြာ၊ အနံ့ပျောက်ဆေးများ၊ နှုတ်ခမ်းနီ၊ နေလောင်ခံလိမ်းဆေးများနှင့် ရေမွှေးတို့သည် အသုံးပြုသူအချို့တွင် ဓာတ်မတည့်ခြင်းကို ဖြစ်စေပြီး ပန်းနာရင်ကျပ်ရောဂါ ရစေပါသည်။ များသောအားဖြင့် မျက်နှာတွင် အရေပြားလောင်၍ ရောင်ရမ်းခြင်းများ ဖြစ်စေကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကိုယ်လိမ်းပေါင်ဒါနှင့် ပေါင်ဒါမှုန့်များကို များစွာသုံးစွဲသူ အမျိုးသမီးများတွင် အသက်ရှူလမ်းကြောင်းမှ လည်းကောင်း၊ မျိုးပွားအင်္ဂါများနှင့် ထိတွေ့သုံးစွဲခြင်းမှ လည်းကောင်း သားဥကင်ဆာ ဖြစ်နိုင်ခြေများကြောင်း ၁၉၉၇ခုနှစ် မတ်လထုတ် အမေရိကန်ဆေးဂျာနယ်တစ်ခုတွင် ဖော်ပြထားပါသည်။ ရေချိုးရာတွင် အသုံးပြုသောပစ္စည်းများတွင် အရောင်ထည့်ထားပါက ၎င်းတို့သည် ဆီးအိတ်တွင်စုဝေး၍ ဆီးအိတ်ကင်ဆာ ဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ ဆံပင်ဆိုးဆေးများ သုံးစွဲသူ အမျိုးသမီးများ၏ ၂၀ရာခိုင်နှုန်းသည် Hodgkin's Lymphoma ဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဆံပင်ညှပ်သမားများတွင် ၎င်းတို့၏ အလုပ်အကိုင်ကြောင့် ကင်ဆာရောဂါဖြစ်ပွားနှုန်းများကြောင်း တွေ့ရှိရသည်။ အနံ့ပျောက်ဆေး သုံးစွဲသူများတွင်လည်း ၎င်းသုံးစွဲသော ပစ္စည်းတွင် ပါဝင်သော ဓာတုပစ္စည်းတစ်မျိုးမှ ချွေးဂလင်းများကို ရောင်ရမ်းစေပြီး အရည်ကြည်အိတ်များ ဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်။ မျက်တောင်ကော့ဆေး(Mascara)သုံးစွဲသူအချို့တွင် ပါဝင်သော ဓာတုပစ္စည်းအချို့ကြောင့် မျက်စိကွယ်စေနိုင်ကြောင်း တွေ့ရှိရသည်။ ယခင်က မျက်နှာတွင် အရေးအကြောင်းများပျောက်အောင် ဆေးထိုး၍ အလှပြုပြင်ရသော်လည်း ယခုအခါ ဆေးထိုးစရာမလိုဘဲ လိမ်းဆေးဖြင့် အသားအရေ တင်းရင်းနုပျိုစေအောင် ပြုလုပ်သောနည်းလမ်းများ ပေါ်ထွက်နေပြီဖြစ်၍ ၎င်းလိမ်းဆေးများကို သုံးစွဲခြင်းဖြင့် သွေးမတည့်မှု၊ အရေပြားလောင်ကျွမ်းမှု၊ သားအိမ်အတွင်းမှ သွေးထွက်မှု၊ ရောင်ရမ်းမှုနှင့် ကင်ဆာရောဂါများ မဖြစ်စေရန် ၎င်းလိမ်းဆေးတွင် ပါဝင်သော ဓာတုပစ္စည်းများကို သေချာလေ့လာ၍ အသုံးပြုရန် လိုပါသည်။

အလှကုန်ပစ္စည်းများ သုံးစွဲရာတွင် အထူး သတိပြု၍ သုံးစွဲရန်လိုအပ်ပြီး နေ့စဉ်နှစ်ရှည်လများ သုံးစွဲသည့်အတွက် ရေရှည်တွင် ဆိုးကျိုးများခံစားရမည် ဖြစ်ပေသည်။ အလှကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် နာမည်ကြီးကုမ္ပဏီများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထုတ်လုပ်သော တန်ဖိုးကြီးမြင့်သည့် အလှကုန်များကို သုံးစွဲနိုင်ခြင်းသည် အဓိကမဟုတ်ဘဲ မိမိအသုံးပြုနေသော အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ အန္တရာယ်ကင်းရှင်းမှု၊ လုံခြုံစိတ်ချရမှုသည်သာ ပိုမိုအရေးကြီးကြောင်း သတိပြုသင့်သည်။ သို့ဖြစ်၍ အချို့သော လူငယ်လူရွယ်များသည် မလိုအပ်ဘဲ ဆံပင်ဆိုးဆေးများ သုံးစွဲခြင်းနှင့် ဓာတုပစ္စည်းများပါဝင်သော အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို သုံးစွဲနေခြင်းမှ ရှောင်ကြဉ်သင့်သည်။ ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့်လည်း မိမိသန္ဓေသားအား အန္တရာယ်မရှိစေရန် အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို နားလည်သဘောပေါက်၍ ရှောင်သင့်သည်များကို ရှောင်ကြဉ်ရပါမည်။ **သဘာဝမှရရှိသော အုန်းဆီ၊ သနပ်ခါး၊ တရော်ကင်ပွန်း ခေါင်းလျှော်ရည်များသည် လူတို့၏ ကျန်းမာရေးအား ဒုက္ခမပေးသည့်အပြင် အကျိုးသက်ရောက်မှုကို ရရှိစေနိုင်ပါသည်။** ထို့ကြောင့် သဘာဝပစ္စည်းများ၊ ပြည်တွင်းဖြစ်ပစ္စည်းများကို ပိုမိုသုံးစွဲကြရန် တိုက်တွန်းလိုက်ရပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနများသည် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အလှကုန်၌ ပါဝင်သော ပစ္စည်းများနှင့် ဓာတုဗေဒဖော်မြူလာများကို ထုတ်လုပ်သူတို့၏ အကျိုးစီးပွားအတွက် ဖော်ပြရန် မလိုအပ်ကြောင်း သဘောတူခဲ့ကြသည်။ ယခုအခါတွင်မူ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ဥပဒေများ တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်း၍ လူအများအတွက် ကျန်းမာရေးအန္တရာယ်မရှိစေရန်၊ ခဲများမပါဝင်စေရန်နှင့် ကင်ဆာရောဂါ ဖြစ်စေသော ဓာတုပစ္စည်းများ ပါဝင်ခြင်းမရှိစေရန် ဂရုပြုဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အမေရိကန်နိုင်ငံတွင် နှစ်စဉ်လူပေါင်း ၃၈၀၀၀ ခန့်သည် အလှကုန် သုံးစွဲခြင်းဖြင့် ရရှိသော ဆိုးကျိုးများကိုခံစားနေရသည်။ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေး၊ အရေပြားထိန်းသိမ်းဆေး၊ ဆံပင်ပျော့ဆေး၊ မိတ်ကပ်၊ မျက်တောင်ကော့ဆေး၊ လက်သည်းဆိုးဆေး၊ ရေမွှေးနှင့် အခြားအလှကုန် ပစ္စည်းများတွင် ပါဝင်သော ဓာတုပစ္စည်း၏ အန္တရာယ်နှင့် နေ့စဉ် ရင်ဆိုင် နေရပေသည်။

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၌ ဆွတ်ခူးထားသော ပြောင်းဖူးများကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်တွင် ဓာတ်အားပေးစက်ရုံများ ဆောက်လုပ်မည်

ဟနွိုင်း ဇန်နဝါရီ ၅

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆–၂၀၁၅ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားနှစ်စဉ်လိုအပ်ချက် ၁၇ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟုခန့်မှန်းရပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အများအပြားကို တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း "အီကော်နော်မစ်တိုင်း"သတင်းစာက သောကြာနေ့တွင် ရေးသားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်အထိ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၄၆၀၀အထိ ထုတ်လုပ်နိုင်ရန်နှင့် ၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၄၀၀၀ တိုးမြှင့်ထုတ်လုပ်သွားရန် လျှပ်စစ်ဓာတ်အား ပေးစက်ရုံများ ပိုမိုဆောက်လုပ်သွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ရန်အတွက် ရန်ပုံငွေရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၃၀၀အထိ ထုတ်လုပ်နိုင်စွမ်းရှိမည့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံ တည်ဆောက်လျက်ရှိကြောင်း ဗီယက်နမ်လျှပ်စစ်ဓာတ်အားပေးဌာနကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆူကလီးယားစခန်းများ စာရင်း ပါကစ္စတန်နှင့်အိန္ဒိယ အပြန်အလှန် ဖလှယ်မည်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် နျူကလီးယားစခန်းများစာရင်းကို အပြန်အလှန်ဖလှယ်ကြမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက်တွင်ပြောကြားသည်။

နှစ်နိုင်ငံရှိ နျူကလီးယားစခန်းများစာရင်းနှင့်ပတ်သက်၍ အစ္စလမ္မာဘတ်နှင့် နယူးဒေလီတို့တွင် အပြန်အလှန်ဖလှယ်မှုများကို တစ်ချိန်တည်းပြုလုပ်ကြမည်ဖြစ်သည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၈၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်က နျူကလီးယားစခန်းများအား တိုက်ခိုက်မှုမှ တားဆီးခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ နျူကလီးယား စခန်းများစာရင်းကို ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အပြန်အလှန်ဖလှယ်ခဲ့ကြသည်။ အဆိုပါနှစ်နိုင်ငံသည် လွန်ခဲ့သည့် သုံးနှစ်က တင်းမာမှုများ မြင့်တက်နေချိန်အတွင်း နျူကလီးယားစခန်းများစာရင်းကို အပြန်အလှန် ဖလှယ်ခဲ့ကြသေးသည်။ ***အင်တာနက်။***

တရုတ်နှင့်အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

နန်နင်း ဇန်နဝါရီ ၅

တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင်နိုင်ငံအချို့မှကိုယ်စားလှယ်များနှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူလိုက်ကြကြောင်း ဇန်နဝါရီ ၄ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖော်ပြပါသဘောတူညီချက်ကိုတရုတ်နိုင်ငံမြို့များမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အာဆီယံကိုးနိုင်ငံမှ ကိုယ်စားလှယ် စုစုပေါင်း ၆၀၀ က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုဖိုရမ်အစည်းအဝေးသို့ တက်ရောက်ရန် တရုတ်နိုင်ငံ နန်နင်းမြို့သို့ လာရောက်ခဲ့ကြသည်။

တရုတ်–အာဆီယံကုန်သည်ကြီးများအသင်းကို ထူထောင်ရန် သဘောတူညီခဲ့ကြပြီး နန်နင်းမြို့တွင် အတွင်းရေးမှူးချုပ် ရုံးတစ်ရုံးထားရှိရန်နှင့် တရုတ်–အာဆီယံ ကုန်သည်ကြီးများအသင်းအား ကြီးကြပ်ကွပ်ကဲမည့်အထူးအဖွဲ့ကို ထူထောင်ရန်လည်း သဘောတူညီခဲ့ကြသည်။ နှစ်ရက်ကြာ ကျင်းပခဲ့သည့် အဆိုပါ ဖိုရမ်အစည်းအဝေးသည် စနေနေ့တွင် ပြီးဆုံးခဲ့သည်။

တရုတ်နိုင်ငံက ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့နှင့် လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်ကို ၂၀၁၀ ပြည့်နှစ်နောက်ဆုံးထား၍ ထူထောင်ရန် ရည်မှန်းထားသည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့နှင့်လည်း၂၀၁၅ခုနှစ်ထက် နောက်မကျဘဲ လွတ်လပ်သည့်ကုန်သွယ်ရေးဇုန်ထူထောင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူဆိပ်ကမ်း တိုးချဲ့ရေး ၂၀၁၃ခုနှစ်အပြီး ဆောင်ရွက်မည်

စင်ကာပူ ဇန်နဝါရီ ၅

စင်ကာပူနိုင်ငံသည် ပင်လယ်ဆိပ်ကမ်း တိုးချဲ့ရေးစီမံကိန်းအတွက် စင်ကာပူဒေါ်လာ နှစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံ) အသုံးပြုမည်ဖြစ်ကြောင်း စထရိတ်တိုင်းမ်စ်သတင်းစာက ဇန်နဝါရီ ၄ ရက်နေ့တွင် ရေးသားဖော်ပြသည်။

ပင်လယ်ဆိပ်ကမ်းတိုးချဲ့ရေး စီမံကိန်းကို ၂၀၁၃ခုနှစ်ထက်နောက်မကျဘဲ အပြီးဆောင်ရွက်မည်ဖြစ်သည်။ပင်လယ်ဆိပ်ကမ်းတိုးချဲ့ခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းဝန်ဆောင်မှု ပမာဏကို ၄၀ ရာခိုင်နှုန်းမြှင့်တင်နိုင်မည်ဖြစ်သည်။

ပင်လယ်ဆိပ်ကမ်းတိုးချဲ့ရေး စီမံကိန်းအရ ပင်လယ်ကူးသင်္ဘောကြီးများ ရပ်နားနိုင်မည့် ၁၆နေရာအထိ တိုးချဲ့သွားမည်ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းကို စွမ်းပကားမြှင့်တင်နိုင်ခြင်းဖြင့် တစ်နှစ်လျှင် ကုန်သေတ္တာ ၁၄ သန်းအထိ ဝန်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း စင်ကာပူပင်လယ်ရေကြောင်းနှင့်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

စင်ကာပူဆိပ်ကမ်းသည် ကမ္ဘာပေါ်တွင်ဝန်ဆောင်မှုအများဆုံး ဆိပ်ကမ်းများ၌ ပါဝင်သည်။ ***အင်တာနက်။***

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းတွင် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဆူခြာတ်အားပေး စက်ရုံများအတွက် အီရန် တင်ဒါခေါ်ယူမည်

တီဟီရန် ဇန်နဝါရီ ၅

အီရန်နိုင်ငံသည် နျူကလီးယားဓာတ်အားပေးစက်ရုံ ၁၉ရုံတည်ဆောက်ရန်အတွက် နိုင်ငံတကာမှ တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကော်မတီ အကြီးအကဲ ဂျာလာလီက ဇန်နဝါရီ ၄ရက်တွင် ပြောကြားသည်။ အီရန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်များ ထူထောင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပါလီမန်အမတ်တစ်ဦးလည်းဖြစ်သူ ဂျာလာလီက ပြောကြားသည်။

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်သည့် ဘူရှီးစက်ရုံကို ၂၀၀၈ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ ယင်းစက်ရုံသည် ၂၀၀၉ ခုနှစ် မတ်လထက် နောက်မကျဘဲ စွမ်းအားပြည့် လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားသည်။ ***အင်တာနက်။***

အိန္ဒိယကျေးရွာကျောင်း၌ ပစ်ခတ်မှုဖြစ်ပွား

ဘိုပါးလ်(အိန္ဒိယ) ဇန်နဝါရီ ၅

အိန္ဒိယနိုင်ငံ အလယ်ပိုင်းကျေးရွာတစ်ရွာရှိ ကျောင်း၌ ဇန်နဝါရီ၃ ရက်တွင် ၁၅ နှစ်ခန့်အရွယ် ကျောင်းသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ၁၃ နှစ်ခန့်အရွယ် လူငယ်တစ်ဦး သေဆုံးကြောင်း၊ အလားတူပင် လွန်ခဲ့သည့်လက နယူးဒေလီမြို့ဆင်ခြေဖုံးကျောင်း၌လည်း ပစ်ခတ်ခြင်းကြောင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

မာဒရာပရာဒေ့ရှ်ပြည်နယ် အရှေ့ပိုင်း ချောဝါရီကျေးရွာရှိ ကျောင်းတွင် လူငယ်နှစ်ဦး ရန်ဖြစ်ရာမှ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ပစ်ခတ်ခံရသူလူငယ်သေဆုံးခဲ့ပြီး ပစ်ခတ်သူ ကျောင်းသားအား ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နယူးဒေလီမြို့ဆင်ခြေဖုံးရှိ ပုဂ္ဂလိကကျောင်း၌လည်း လူငယ်နှစ်ဦးကို ၎င်းတို့၏ အတန်းဖော်အား ပစ်ခတ်ခြင်းကြောင့် သေဆုံးရသည့်အတွက် ဒီဇင်ဘာလ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့၌ ရေနွေးကရားပုံသဏ္ဌာန် ရေပန်းတပ်ဆင်ထားသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘူတိုလုပ်ကြံခံရမှု လွတ်လပ်စွာစုံစမ်းနိုင်ရန် မူရှာရက်ဖ်ကူညီမည်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၆

ပါကစ္စတန်အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတိုလုပ်ကြံခံရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာ၌ ဗြိတိန် စကော့တလန်ယာ့ဒ်ရဲတပ်ဖွဲ့မှ စုံထောက်များအား အကူအညီပေးသွားမည်ဖြစ်ကြောင်း သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ဇန်နဝါရီ ၅ရက်တွင် ပြောကြားသည်။

ဘူတို လုပ်ကြံခံရမှုနှင့် ပတ်သက်၍ လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်ရန် သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း သမ္မတ မူရှာရက်ဖ်က ပြောကြားသည်။

ဘူတိုသည် ဒီဇင်ဘာ ၂၇ရက်က ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် နိုင်ငံရေးလူထုစည်းဝေးပွဲ၌ မိန့်ခွန်းပြောကြားခဲ့ပြီးနောက် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၈
၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့မှအဆက်)

စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)(အဆက်)

၁၁၀။ ဦးလှိုင်မြင့်၊ ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၁၁၁။ ဒေါ်ကြည်ကြည်အေး၊ ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၁၁၂။ ဦးသိန်းလွင်၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီး သွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၁၁၃။ ဒေါ်ကျင်နွဲ့၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီး သွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၁၁၄။ ဦးဝင်းနိုင်၊ ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၁၅။ ဦးလှမြင့်၊ ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန
၁၁၆။ ဦးတင်ချို၊ ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန
၁၁၇။ ဒေါ်တင်မိုးမြင့်၊ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)၊ စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၁၈။ ဒေါ်သန်းမြင့်ထက်၊ ဒုတိယညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၁၉။ ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)၊ စည်ပင်သာယာ ရေးဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၂၀။ ဦးတင်ကိုကို၊ အင်ဂျင်နီယာမှူး၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန
၁၂၁။ ဦးကျော်ဇေယျာဝင်း၊ အင်ဂျင်နီယာမှူး၊ ကျောက်မဲမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၂၂။ ဦးမျိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကန့်ဘလူမြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၂၃။ ဦးဝင်းမောင်ဆွေ၊ လက်ထောက်အင်ဂျင်နီယာ၊ ရေဦးမြို့နယ် စည်ပင် သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
၁၂၄။ ဦးသိန်းလွင်၊ ကျောင်းအုပ်ကြီး၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း(ပြည်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၁၂၅။ ဦးမျိုးညွှန့်၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၁၂၆။ ဦးစောမူးဒေလူး၊ အင်ဂျင်နီယာချုပ်၊ ရုံးချုပ်အခြေစိုက်အော်တိုတယ်လီဖုန်း စခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
၁၂၇။ ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
၁၂၈။ ဦးဣန္ဒြီလှ၊ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ မန္တလေးတိုင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
၁၂၉။ ဦးနိုင်လင်း၊ ဒုတိယညွှန်ကြားရေးမှူး(ဝန်ကြီးရုံးတွဲဖက်)၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
၁၃၀။ ဒေါက်တာမြတ်ကျော်၊ ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
၁၃၁။ ဦးမောင်မောင်စိုး၊ ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၁၃၂။ ဒေါ်စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၁၃၃။ ဦးခင်မောင်ကြူး၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ(စက်မှု)၊ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊တီတွတ်ရေနံအခြေစိုက်စခန်း၊ ပြည် မြို့နယ်၊ စွမ်းအင်ဝန်ကြီးဌာန
၁၃၄။ ဦးဇော်ဝင်း၊ လျှပ်စစ်အင်ဂျင်နီယာချုပ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
၁၃၅။ ဦးခင်မောင်မြင့်၊ အင်ဂျင်နီယာချုပ် (ဆောက်လုပ်ရေး)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
၁၃၆။ ဒေါ်မာလာကျော်၊ ညွှန်ကြားရေးမှူး(ငွေစာရင်း)၊ ငွေစာရင်းဌာနခွဲ၊ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
၁၃၇။ ဦးခင်မောင်လတ်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ အမှတ်(၂)တည် ဆောက်ရေး၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၁၃၈။ ဒေါက်တာခင်မောင်ကျော်၊ ဆေးမှူးချုပ်၊ ဆေးဌာန(ရုံးချုပ်)နေပြည်တော်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၁၃၉။ ဦးကျော်တင်၊ ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၁၄၀။ ဒေါ်ယဉ်ယဉ်မြတ်၊ ကျောင်းအုပ်ကြီး၊ မော်လမြိုင်ပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန
၁၄၁။ ဦးသုခ၊ ညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၁၄၂။ ဒေါ်ခင်မျိုးမြင့်ကြူ၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၁၄၃။ ဦးခင်မောင်လူ၊ ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၁၄၄။ ဒေါက်တာခင်နိုင်ဦး၊ ပါမောက္ခ (ဌာနမှူး)၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန
၁၄၅။ ဒေါ်ခင်စန်းမြင့်၊ ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၁၄၆။ ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူး(သုတေသန/ဖွံ့ဖြိုးရေး)၊တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန
၁၄၇။ ဦးသန်းတင်၊ ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန
၁၄၈။ ဦးဝင်းအောင်၊ လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၁၄၉။ ဦးဝင်းအောင်၊ ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ
၁၅၀။ ဦးလှထွန်း၊ ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ
၁၅၁။ ဦးတင်မြင့်၊ ဒုတိယစီမံကိန်းတာဝန်ခံ၊ ဂျိတ်လင်းန်ကုမ္ပဏီ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၁၅၂။ ဦးကိုကိုလေး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မန္တလေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ဆီစက်နှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ပြေးဆွဲရေးလုပ်ငန်း၊ မန္တလေးတိုင်း
၁၅၃။ ဦးအိုက်ကျုံး၊ ‘ဝ’အထူးဒေသ(၂)၊ ဆောက်လုပ်ရေးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးမြသိန်း၊ ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန
၂။ ဦးလှသန်း၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဒါရိုက်တာ၊ အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၊ မြိတ်မြို့၊ တနင်္သာရီ တိုင်း
၃။ ဦးရွှေကူ၊ စစ်မှုထမ်း(အငြိမ်းစား)၊ အမှတ်(၂၃၆၇)၊ ရတနာမဉ္ဇူလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၄။ ဦးချစ်ခင်၊ မြန်မာ့မီးရထား(အငြိမ်းစား)၊ အမှတ်(၆၁၁/က)၊ ဦးအောင်မြတ် ပန်းခြံ(၂)လမ်း၊ အမှတ်(၈) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း
၅။ ဦးယုတင်(ခ)ဦးယုခင်၊ ကုန်သည်၊ အမှတ်(၅၆/ဘီ)၊ သန့်ဇင်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၆။ ဦးစိုး၊ ဈေးရောင်း၊ ၂၂၄/က၊ အောင်သိဒ္ဓိ(၃)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင် သာယာမြို့နယ်၊ ရန်ကုန်တိုင်း
၇။ ဒေါ်မြင့်မြင့်အေး၊ အလယ်တန်းပြ၊ ၂၇၂/၆၊ ကျောင်းလမ်း(၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ ပညာရေးဝန်ကြီးဌာန
၈။ ဦးသောင်းကြိုင်၊ အငြိမ်းစား၊ အမှတ်(၇၅)၊ (ဃ)လမ်း၊ သုခရိပ်သာ၊ အမှတ်(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၉။ ဦးမြလွင်(A.M.S)ကုမ္ပဏီလုံခြုံရေးလမ်း၊ အပိုင်း(၈)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း
၁၀။ ဦးပဏ္ဍိတ၊သာသနာ့ဝန်ထမ်း၊ မိုးကုတ်ရိပ်သာ(၁၄၈)၊ ငုဝါလမ်း၊ စောရန်ပိုင် တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း
၁၁။ ဒေါ်မော်မော်ဦး၊ အလယ်တန်းပြ၊ ၁၃၉၊ သံသုမာလမ်း၊ စုပေါင်းရပ်ကွက်၊ သုဝဏ္ဏ၊ ပညာရေးဝန်ကြီးဌာန
၁၂။ ဦးဝင်းနိုင်၊ ဈေးသည်၊ အမှတ်(၆၀)၊ရွာလယ်လမ်း၊ ပုဏ္ဏားကုန်း၊ တာမွေ မြို့နယ်၊ ရန်ကုန်တိုင်း
၁၃။ ဦးတင်သောင်း၊ ဒုတိယဦးစီးမှူး၊ လုံခြုံရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
၁၄။ ဒေါ်သန်းသန်းဆင့်၊ အငြိမ်းစား(မှိုခို)၊ အမှတ်(၁၉/၅လွှာ)၊ ကျောင်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၅။ ဦးကျော်ကျော်၊ ယာဉ်မောင်း–၃၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ
၁၆။ ဦးသိန်းအောင်၊ အလုပ်ကြပ်၊ ရထားစက်မှုသင်တန်းကျောင်း၊ ဒီဇယ် စက်ခေါင်းစက်ရုံ ရွာထောင်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန
၁၇။ ဒေါ်နော်ထွေးထွေး၊ စာရင်းကိုင်(၂) ဘဏ္ဍာရေးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ
၁၈။ ဦးမောင်မောင်၊ ဒုတပ်ရင်းမှူး၊ ကြက်ခြေနီတပ်ဖွဲ့၊ အမှတ်(၇၆)၊ အောင်ဇေယျလမ်း၊ ၄–ရပ်ကွက်၊ သုံးခွမြို့ ရန်ကုန်တိုင်း
၁၉။ ဦးဝင်းသိန်း၊ ပုံနှိပ်ကျွမ်းကျင်–၄(စာစီ) စာစီခန်း (ဗဟိုပုံနှိပ်စက်ရုံ)၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန
၂၀။ ဦးစောလွန့်စိန်၊ ကျွမ်းကျင်(၃)စက်မှု၊ အလုပ်ကြပ်စက်ဆင်ဘိုဂီ စက်ခေါင်း စက်ရုံ(အင်းစိန်) မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၂၁။ ဦးတင်ကြိုင်၊ (ကုန်သည်) တပ်ခွဲမှူး ရေး/ထောက်၊ ကြက်ခြေနီသူနာပြု တပ်ရင်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၂။ ဦးလှအေး၊ ကြီးကြပ်ရေးမှူး စီမံကိန်းဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန
၂၃။ ဦးအောင်ဖြိုး၊ လုပ်သား(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်း ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၂၄။ ဦးစိုးဝင်း၊ ပစ္စည်းထိန်းအဆင့်(၃) မန်နေဂျာရုံး၊ အမှတ်(၁၄)သစ်စက် ဒလမြို့၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၂၅။ ဒေါ်ခေမာရွှေ၊ ထုတ်/ကျွမ်း–၄၊ ကုန်ထုတ်ဌာန တပ်မတော်မိုးရေကာဖျင် စက်ရုံ၊ စက်လက်နက်ညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန
၂၆။ ဦးချစ်ညို၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃) စက်ဘီးစက်ရုံ(ရန်ကုန်)၊ မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှု ဝန်ကြီးဌာန
၂၇။ ဒေါ်ကြည်ကြည်အေး၊ စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး
၂၈။ ဦးရဲထွန်း၊ ယာဉ်မောင်း အမှတ်(၁၃၈၁)၊ မြို့မလမ်း၊ ၂၀ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၂၉။ ဦးမင်းအောင်၊ အကြီးတန်းလက်နှိပ်စက် စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၃၀။ ဦးကျော်မြင့်၊ အလုပ်ရုံစုမှူး(ကုန်ထုတ်) ကြွေရည်သုတ်ပစ္စည်းစက်ရုံ အမှတ်(၁)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၃၁။ ဦးမျိုးမင်း၊ လျှပ်စစ်လုပ်ငန်း ၆၅(ခ)စပယ်–၂လမ်း၊ ၅/၆ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း
၃၂။ ဦးအောင်ကြီး၊ စက်ချုပ် ၄၀၃/ဘီ၊ အောင်ဆုပန်လမ်း၊ ၁၉ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၃၃။ ဦးသက်လွင်ဦး၊ ကြီးကြပ်ရေးမှူး၊ ဌာနခွဲ(၅)၊ မထသ၊ ရန်ကုန်တိုင်း
၃၄။ ဦးမောင်မောင်ဦး၊ ကုန်သွယ်ရေကြောင်း၊ အလုပ်သင်အရာရှိ၊ ဒုတပ်ရင်းမှူး၊ မြို့နယ်ကြက်ခြေနီအသင်း၊ တပ်ရင်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း
၃၅။ ဦးတင်လှိုင်၊ အရောင်း/အဝယ်၊ အမှတ်(၂/က)၊ စက်မှုလက်မှု(၂)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
၃၆။ ဦးအောင်ဟိုအန်း၊ လက္ခဏာဆရာ၊ အမှတ် ၁၉/၂၀(၂–က)၊ မရမ်းမြိုင် လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၇။ ဦးအောင်မြင်စိုး(ခ)ဦးအောင်စိုးကြည်၊ စာရေးဆရာ၊ကံကြမ္မာဖတ်ကြား သူ၊ အမှတ်(၂၀၉)၊ ဗဟို(ရှမ်း)လမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၈။ ဦးထွန်းကြိုင်၊ ရုံးအကူမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးမြို့၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
၃၉။ လ ၈၀၀၇၅၊ ရဲဒုတပ်ကြပ်နေဝင်း၊ ရထားတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန
၄၀။ ဒေါ်ငွေရီ၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာန
၄၁။ ဦးနန္ဒိယ၊ သာသနာ့ဝန်ထမ်း၊ ကေသရာမကျောင်း၊ ဇ/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၂။ ဦးရဲအောင်၊ ရုံးအကူ၊ ကျောက်ဆည်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန
၄၃။ လေ ၁၈၆၂၁၊ တပ်ကြပ်ကြီးတင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန
၄၄။ ဦးကေသဝ၊ သာသနာ့ဝန်ထမ်း၊ တောင်ဘလူးကျောင်းတိုက်၊ သရက်တော ကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း
၄၅။ ဦးထွေးအောင်၊လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်း၊ အားကစားဝန်ကြီးဌာန
၄၆။ ဒေါ်တင်ညွန့်၊ ဈေးရောင်း၊ အမှတ်(၁၈)ဦးလူကလေးလမ်း၊ စောရန်ပိုင် အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း
၄၇။ ဒေါ်စန်းစန်းဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ ပလိပ်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှု ဝန်ကြီးဌာန
၄၈။ ဦးမျိုးနိုင်၊ ကုမ္ပဏီဝန်ထမ်း၊ တိုက်(၁၄)၊ အခန်း(၃၁)၊ ရန်အေးလမ်း၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၉။ ဦးကျင်ထွန်း၊ ငှက်ဖျားကြီးကြပ်၊ မှော်ဘီမြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်း အခြေခံပညာကျောင်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု ရှင်းလင်းတင်ပြခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီစီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း ပညာရေးကော်မတီ အမှတ်(၃) အခြေခံပညာဦးစီးဌာန ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် စေတနာရှင် ပြည်သူများ စုပေါင်း၍ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ ရှင်းလင်းတင်ပြခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာ အခြေခံပညာမူလတန်းကျောင်းများ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်၍ ပြုပြင်ဆောင်ရွက်လျက်ရှိသော အခြေခံပညာကျောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် လှိုင်မြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက မြို့နယ်အတွင်း ကျောင်းများ ပြုပြင်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက် ကျင်းပရာ ဒေါ်သန်းနု (နမိသားစုအလှူမင်္ဂလာပစ္စည်းမျိုးစုံ ငှားရမ်းရေး)က ငွေကျပ်သုံးသိန်း အပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်ကျင်ဝေက လက်ခံသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကျောင်းအတွင်း ပြုပြင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း ခန်းမသို့ ရောက်ရှိကြရာ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က ကျောင်း ပြုပြင်ဆောင်ရွက်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဘုန်းက လက်ခံပြီး အလှူရှင်များ၏ လှူဒါန်းငွေကျပ် သုံးသိန်းခွဲကို တိုင်းမှူးနှင့်ကျောင်းအုပ် ဆရာမကြီးတို့က လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် စမ်းချောင်းမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းခန်းမသို့ ရောက်ရှိကြရာ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြမြသန်းတို့က ကျောင်းပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အလှူရှင်များက ငွေကျပ်တစ်သိန်းခွဲကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းလွင်က လက်ခံ၍ တိုင်းမှူးနှင့်အဖွဲ့သည် ကျောင်းအတွင်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ တိုင်းမှူးနှင့် အဖွဲ့သည် ဗဟန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်းခန်းမသို့ ရောက်ရှိကြရာ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ကျောင်းပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အလှူရှင် ဦးဝင်းအောင်မိသားစုက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက ငွေကျပ် နှစ်သိန်းခွဲကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဌေးမာလွင်က လက်ခံပြီး တိုင်းမှူးက အခြေခံပညာကျောင်းများအနေဖြင့် စင်သုံးစင်နှင့် သန့်လေးသန့်ကျောင်းဖြစ်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းခန်းမသို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက ကျောင်းပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ အလှူရှင်များ၏ လှူဒါန်းငွေကျပ်တစ်သိန်းခွဲကို ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဗဟန်းမြို့နယ် ဥယျာဉ်လမ်း ဒေါ်လှတင်(မိသားစု–မိုးကုတ်)က ငွေကျပ် ရှစ်သိန်းနှင့် စတီးရေတိုင်ကီအတွက် ငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ၁၂ သိန်းကို ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာ တစ်ပွင့်) ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (၅၃၅)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် မြောက်ဥက္ကလာပ (ခ)ရပ်ကွက် သုခိတာလမ်းနေ မိဘများအား အမှူးထား၍ ဦးလှအေး၊ ဒေါ်သန်းသန်းအေး၊ မောင်နှမတစ်စုတို့က အလှူငွေကျပ် ၁၀၀၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးစံရင်(အလှည့်ကျ သဘာပတိ)၊ ဦးခင်မောင်အေးနှင့် ဦးမြသိန်းတို့ လက်ခံရယူစဉ်။ (က–ပ)

Su-Kam ကုမ္ပဏီထုတ်ပစ္စည်းများ ဈေးကွက်သို့ စတင်ဖြန့်ဖြူးခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

လင်းရာမကုမ္ပဏီ Swiss Singapore Co.,Ltd နှင့် အိန္ဒိယနိုင်ငံမှ Su-Kamကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော Su-Kam ကုမ္ပဏီထုတ် အဆင့်မြင့် Home UPS ၊ One Line UPS၊ Line Interactive UPS များနှင့် အသံတိတ်မီးစက် (အင်ဗာတာ)များ ဈေးကွက်သို့ စတင်ဖြန့်ဖြူးခြင်း၊ မြန်မာနိုင်ငံတွင် တစ်ဦးတည်းရောင်းချမှုနှင့် ကိုယ်စားလှယ် အသိအမှတ်ပြုခြင်း အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၃ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Singnature စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများ၊ လင်းရာမကုမ္ပဏီ၊ Swiss Singapore နှင့် Su-Kam ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ အိန္ဒိယနိုင်ငံ Su-Kam ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ မစ္စတာ DHANANJAY SHARMA က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဈေးကွက်တွင် Su-Kam အသံတိတ်မီးစက်(အင်ဗာတာ)များရောင်းချခွင့်အသိအမှတ်ပြုလွှာကို လင်းရာမကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းသို့ ပေးအပ်သည်။ ထို့နောက် Su-Kam ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင် တစ်ဦးက အသံတိတ်မီးစက်(အင်ဗာတာ)၏ အဆင့်မြင့်စွမ်းဆောင်ရည်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တက်ရောက်ကြသော ဧည့်သည်တော်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ အဲယားကွန်း၊ အောက်ဆီဂျင်ထုတ်စက်များ၊ဓာတ်လှေကားများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ ဝပ်အားကြီးမားသော စက်ရုံအလုပ်ရုံသုံး စက်ပစ္စည်းများ အတွက် လိုင်းလျှပ်စစ်မီးအတိုင်း အပြည့်အဝ ထုတ်လုပ်ပေးနိုင်ကြောင်း သိရှိရသည်။ အိမ်သုံး၊ ဆေးရုံသုံး၊ Hotel သုံး၊ ရုံးသုံးအဘက်ဘက်တွင် အသုံးချနိုင်သော ဘက်စုံသုံးစက်မျိုးဖြစ်ပြီး ရေရှည်တွင် အင်ဂျင်သုံးမီးစက်များထက် ကုန်ကျစရိတ်သက်သာကြောင်း သိရှိရသည်။

အထက်ပါအသံတိတ်မီးစက်(အင်ဗာတာ)များကို ဝယ်ယူလိုပါက လင်းရာမကုမ္ပဏီ အမှတ်(၂၁၈) ဗိုလ်ဆွန်ပက်လမ်း(အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၅၃၆၆၇ နှင့် (၂၁) ဒီပဲယင်းဝန်ထောက်ဦးမြလမ်း ဒဂုံအရှေ့စက်မှုမြို့ ဖုန်း–၅၈၅၁၀၆၊ ၀၉–၅၀၂၀၆၅၉၊ အမှတ်–၃၃ ကျောက်ရေတွင်းလမ်း ကျောက်မြောင်း ဖုန်း–၅၄၀၂၄၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

အိန္ဒိယနိုင်ငံ Su-Kam ကုမ္ပဏီမှ ဒုတိယ အထွေထွေမန်နေဂျာ မစ္စတာ DHANANJAY SHARMA မြန်မာနိုင်ငံဈေးကွက်တွင် Su-Kam အသံတိတ်မီးစက်(အင်ဗာတာ)များ ရောင်းချခွင့် အသိအမှတ်ပြုလွှာကို လင်းရာမကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းထံ ပေးအပ်စဉ်။

(သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ပန်းဘဲတန်း မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် ဖတ်ကြားစဉ်။ (၁၉)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၅၀၆)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

မော်လမြိုင် ဇန်နဝါရီ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်ပေါင်းစုံ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲကို ဒီဇင်ဘာ၁၇ရက်တွင် မော်လမြိုင်မြို့ရှိ အမှတ်(၁) မီးသတ်စခန်း၌ ကျင်းပရာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်အောင်ဝင်းစိန်က အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်ကသင်တန်းသားများအား ထူးချွန်ဆုနှင့် သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဓမ္မသဘင် အဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇန်နဝါရီ ၁ ရက်တွင် ပုဂံ–ညောင်ဦး မြစည်းခုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ၊ အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေစေတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏနှင့် မဟာဝိသုတာ ရာမကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဥက္ကံသဆရာတော်ကြီးများအား သက်ဆိုင်ရာကျောင်းတိုက်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးသည် ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ်ပိုင်ရှင် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဓမ္မသဘင် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ပုဂံအပြည် ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဓမ္မသဘင် မြေနေရာကို သွားရောက်ကြည့်ရှုသည်။

သွားရောက်ကြည့်ရှု

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇန်နဝါရီ ၂ ရက်တွင် ပုဂံမြို့ ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပသော မဟာရာဇသိရီအနုရုဒ္ဓ ပုဂံ ရွှေနန်းတော်ကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သီတဂူ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့်အတူ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဓမ္မသဘင် ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုသည်။

တက်ရောက်

ထို့နောက် ဝန်ကြီးသည် ညောင်ဦး သံတဲဟိုတယ်၌ ကျင်းပသော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သီတဂူ ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဝန်ကြီးက ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဓမ္မသဘင် ဆောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူ သဲကုန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ စင်ကာပူရွှေကျောင်း ဆရာတော် Shi Fa Zao၊ ဦးဝင်းအောင် (သီတဂူ)–ဒေါ်ခင်ဝင်းကြည် မိသားစု၊ ဒေါ်စန်းစန်းမော် "ဆု" ဗီဒီယိုနှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)တို့က ငွေကျပ် သိန်း ၁၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံသည်။

ထို့နောက် သီရိသုဓမ္မသီဂီ ဒေါ်နွဲ့နွဲ့စန်း (ရတနာတိုင်းပြည် ဆောက်လုပ်ရေး) မန္တလေးမြို့က ဒုတိယအကြိမ် ငွေကျပ် ၁၀ သိန်း၊ ဦးသက်ဇော်–သီရိသုဓမ္မသီဂီ ဒေါ်ထားထားနွယ်နှင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဋ္ဌေး–သီရိသုဓမ္မသီဂီ ဒေါ်နီလာရွှေ၊ သား မောင်မြတ်စိုးအောင် (ကြာငါးခိုင် သက်န်းတိုက်)တို့က ဒုတိယအကြိမ် ငွေကျပ် ငါးသိန်းစီ၊ ဦးအောင်ထွန်း (ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း) ကျောက်ပန်းတောင်းမြို့နယ်နှင့် ဒေါ်ခင်သန်းဋ္ဌေး (ရွှေမြင်း ပဲခွဲစက်လုပ်ငန်း) အမှတ်(၁၁၀) ၃၃ × ၃၄လမ်းကြား၊ ၈၅ လမ်း ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တို့က ငွေကျပ် လေးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လက်ခံပြီး ဝန်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သီတဂူဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းသည် စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒဂုန်အချိုရည်နှင့် ရေခဲစက်ရုံသို့ ရောက်ရှိပြီး ရေသန့်ဘူးများနှင့် ဒဂုန်သောက်ရေသန့်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အချိုရည်ဘူးထုတ် လုပ်ငန်းဌာနသို့ ရောက်ရှိပြီး သံဘူးအချိုရည်၊ ဆိုဒါများထုတ်လုပ်ခြင်းနှင့် အရည်အသွေး စစ်ဆေးနေမှု အခြေအနေ၊ ပိုးသတ်ခြင်းလုပ်ငန်းနှင့် ထုပ်ပိုးမှုလုပ်ငန်း၊ ကုန်ထုတ်လိုင်းတစ်လျှောက်နှင့် အချိုရည်သံဘူးများ သိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ကြရန်နှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သည်နှင့်အညီ G.M.P စနစ်နှင့်အညီ ထုတ်လုပ်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် ဝင်းသူဇာအရောင်းဆိုင် (စမ်းချောင်း)သို့ရောက်ရှိပြီး ကြွေထည်မြေထည်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်အမျိုးမျိုး၊ စတီးလ်နှင့် အိမ်သုံးပစ္စည်းများ၊ ထီး၊ ဖိနပ်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်စက်ဘီး၊ လျှပ်စစ်မော်တော်ဆိုင်ကယ်များ ရောင်းချမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဖရူဆိုမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ညောင်ဇင်ပရဟိတကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် ၁၁ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖရူဆိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတော်ဝင်သဇင်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေ ကျပ်နှစ်သိန်းနှင့် ဗလာစာအုပ်၊ ခဲတံများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖရူဆိုမြို့ မြို့နယ်ပြည်သူ့ဆေးရုံသွားဆေးခန်း၌ အသုံးပြုရန် အလှူငွေ ကျပ်လေးသိန်း ပေးအပ်လှူဒါန်းပြီး ဆေးရုံတက်ရောက်နေသော လူနာများအား အားပေးစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ် ထီးဝေါ်ဆိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ စာပေသင်ကြားပို့ချနေမှုတို့ကို ကြည့်ရှုအားပေးကာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့က အလှူငွေများ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လွိုင်ကော်မြို့ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရှင်းလင်းဆောင်၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များကို ဆွေးနွေးပြီး တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂ ရက်တွင် လွိုင်ကော်မြို့ ဒေါဆာဆိ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက် အားပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၁၀၊ အနံပေ ၃၀ ရှိပြီး အလှူရှင်များကငွေကျပ် ၃၈၁ သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အမှတ်(၁) စက်မှုရပ်ကွက်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ခေတ်သစ် ကယားခန်းမ၌ ဒေသခံစက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အကောင်းဆုံး စက်မှုလုပ်ငန်းရှင်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်သည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများ ပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထံသို့လည်းကောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပါဗက်ဇ်မူရှာရက်ဖ်ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်အား ချစ်ကြည်နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပါကစ္စတန်နှင့် မြန်မာ နှစ်နိုင်ငံတို့သည် ရင်းနှီးသောဆက်ဆံမှုများရှိသော နိုင်ငံများဖြစ်ကြောင်း၊ အနာဂတ်တွင်လည်း မိမိတို့နှစ်နိုင်ငံသည် အကျိုးတူကိစ္စများ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်စေရန် ဆန္ဒပြုအပ်ပါကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာဆိုရှယ်လစ်သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သီရိလင်္ကာဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာ ပက်ခ်စာထံမှ ပေးပို့သော သဝဏ်လွှာတွင် အဆွေတော်အားလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများအားလည်းကောင်း ကျွန်ုပ်နှင့်သီရိလင်္ကာ ပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ချစ်ကြည်နွေးထွေးသော ဆက်ဆံမှုဖြင့် အနာဂတ်ကာလများတွင် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးတူ ကိစ္စများကို ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ထို့အပြင် အဆွေတော်၏ ကျန်းမာပျော်ရွှင်ရေးနှင့် မြန်မာနိုင်ငံပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါဂဲလ် အာရိုယိုထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်သော ဆက်ဆံရေး ဆက်လက်ခိုင်မာတိုးတက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံ ရေးကောင်းမွန်မှုကို ထိန်းသိမ်းရန်၊ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် မိမိတို့နိုင်ငံများ ကတိပြုထားကြပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်သူများ ညီညွတ်မှု၊ ငြိမ်းချမ်းမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဖိလစ်ပိုင်နိုင်ငံက အားပေးထောက်ခံကြောင်း ဖော်ပြထားသည်။(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၁–၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့သူရဲကောင်း" (အပိုင်း–၂၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစုံစမ်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နီလာလက်ကောက်" (အပိုင်း–၂၆)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

❍ ကျောဖုံးမှ

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် အသိပညာဖြင့် ယှဉ်တွဲဆောင်ရွက်သွားနိုင်ကြရန်နှင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် အသိပညာ၊ အတတ်ပညာနှင့် အကြားအမြင်ဗဟုသုတ ပိုမိုရင့်ကျက်သူများ ပေါ်ထွန်းလာစေရန် ရည်မှန်း၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သော နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းမှ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသုံးခု၊ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းမှ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံနှစ်ခုတို့အတွက် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်းက ငွေကျပ်သိန်း ၆၀ ကို မတည်လှူဒါန်းခဲ့ပြီး ကျေးရွာများမှ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ညောင်ပင်သာ၊ ပုရွက်ဆိတ်ကုန်းနှင့် ပြန်ကပြေးကျေးရွာ၊ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ မြွေရိုးလေးကျေးရွာနှင့် ငှက်ပျောတောကျေးရွာတို့၌ စာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ၊ စာကြည့်တိုက်ရန်ပုံငွေများ ထူထောင်နိုင်ခဲ့ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်များတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄ ခုနှစ်မှစ၍ ထူထောင်ဖွင့်လှစ်လျက်ရှိရာ ယနေ့အထိ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အနက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အသွင်သဏ္ဌာန်အားဖြင့် စာကြည့်တိုက်အရေအတွက် ပြည့်စုံသည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် ထူထောင်ဖွင့်လှစ်ပြီးဖြစ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဟူသော အနှစ်သာရကိုပါ ပြည့်စုံအောင် ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အဆိုပါ အနှစ်သာရပြည့်စုံရေးအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့မှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်ကြစေရန် စည်းရုံးဆောင်ရွက်ရေး၊ ရှိပြီးသောစာအုပ်၊ စာစောင်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသော ကျေးရွာများ၌ အဆောက်အအုံရရှိလာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်အောင်ဆောင်ရွက်ရေး၊ ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင် ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏အားတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ထူထောင်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အထက်ပါအား (၄)အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်နှင့် ယခုဖွင့်လှစ်လိုက်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အပါအဝင် ကျေးရွာငါးရွာရှိ စာကြည့်တိုက် အဆောက်အအုံများနှင့် ပရိဘောဂများ၊ စာအုပ်စာစောင်များကို လှူဒါန်းခဲ့ကြသော ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် ကျေးရွာများမှ အလှူရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများအတွက် မတည်ငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများအတွက် မတည်ငွေကျပ်သိန်း ၆၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် တစ်တိုက်လျှင် မဂ္ဂဇင်း ၁၅၁ အုပ်၊ ဂျာနယ်အစောင် ၁၅၀ စီဖြင့် စာကြည့်တိုက်ငါးတိုက်အတွက် မဂ္ဂဇင်း ၇၅၅ အုပ်နှင့် ဂျာနယ်အစောင် ၇၅၀၊ မြွေရိုးလေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ရဲကြီးထမင်းဆိုင်မှ ဦးအောင်မြင့်ထွန်း-ဒေါ်ခင်အေးလွင်တို့က ငွေကျပ်နှစ်သိန်း၊ ပြန်ကပြေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ဦးစန်းမောင်က ငွေကျပ်တစ်သိန်း၊ ဦးလှိုင်စိုးက ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်က ငွေကျပ်ငါးသောင်း၊ ဦးတိုးခင်၊ ဦးတင်မြ-ဒေါ်သီနှင့် ဒေါ်ညွန့်ညွန့်တို့က ငွေကျပ်သုံးသောင်းစီ အပါအဝင် စုစုပေါင်းငွေကျပ် ၃၁၀၀၀၀၊ ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် လူမှုရေးအသင်းအဖွဲ့များ၊ ငွေလမင်းအိလက်ထရွန်နစ်ရောင်းဝယ်ရေးနှင့် အလှူရှင်များက ငွေကျပ် ၂၁၀၀၀၀၊ ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ကြေးမုံသတင်းထောက် ဦးဇော်မင်းအောင်-ဒေါ်တင်လှိုင် မိသားစုက ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ ပြန်ကပြေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ပုံနှိပ်လုပ်ငန်းရှင်များအဖွဲ့မှ ဦးသိန်းဟန်က ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် စာအုပ်စာစောင်များ ဝယ်ယူရန်အတွက် နန်းစိန်မုန့်တိုက်မှ ဦးသိန်းထွေးက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ACE ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးချမ်းသာက သုတရသစာအုပ် အုပ်ရေ ၅၀ အတွက် တန်ဖိုးငွေကျပ်သုံးသောင်း၊ ပုရွက်ဆိတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ဦးသိန်းအောင်၊ ဦးပေ၊ ဦးဌေးမောင်၊ ဦးခင်မောင်နှင့် ဦးဝေယာတို့က ငွေကျပ်တစ်သောင်းစီဖြင့် စုစုပေါင်း ငွေကျပ်ငါးသောင်း၊ ငှက်ပျောတောကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ဦးသန်းထွေးနှင့်အဖွဲ့က ငွေကျပ်၈၅၀၀၀ နှင့် မြွေရိုးလေးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ငွေပဒေသာပင်အတွက် ဦးသိန်းရွှေနှင့် အဖွဲ့က ငွေကျပ်ရှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ကလည်းကောင်း၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ငါးတိုက်အတွက် ရေဒီယိုခြောက်လုံး၊ စာအုပ်စာစောင် ၁၀၀၀ နှင့် နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရွှေနိုင်ငံဂျာနယ်စောင်ရေ ၅၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်ကလည်းကောင်း လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက စာကြည့်တိုက်အဆောက်အအုံများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ပျဉ်းမနားခရိုင် ဦးစီးအရာရှိ ဦးစိုးပိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ညောင်ပင်သာကျေးရွာမှ ရပ်မိရပ်ဖ ဦးဘိုက ကျေးရွာ ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်စာစောင်များလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စာကြည့်တိုက်၌ ဗဟုသုတရှာမှီးနေကြသော ကျေးလက် လူငယ်လူရွယ်များနှင့် ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်လိုက်သော ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံမှာ အလျား၊ အနံ ၂၇ ပေစီနှင့် အမြင့် ၁၈ ပေရှိ သွပ်မိုး ကွန်ကရစ်အဆောက်အအုံဖြစ်သည်။ ထို့အတူ ပြန်ကပြေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံမှာ အလျားပေ ၃၀၊ အနံပေ ၂၀ နှင့် အမြင့် ၁၂ ပေရှိ သွပ်မိုး၊ ကွန်ကရစ်အဆောက်အအုံဖြစ်၍ ပုရွက်ဆိတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံမှာ အလျားပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၀ ပေရှိ သွပ်မိုး၊ ကွန်ကရစ် အဆောက်အအုံဖြစ်သည်။ အလားတူ မြွေရိုးလေးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၇ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေရှိ သွပ်မိုး၊ ကွန်ကရစ်အဆောက်အအုံဖြစ်ကာ ငှက်ပျောတောကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံမှာ အလျား၊ အနံ ၂၄ ပေစီ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ ကွန်ကရစ်အဆောက်အအုံဖြစ်သည်။

ယခုအခမ်းအနား၌ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၃၁ သိန်း ကိုးသောင်းနှင့် ပစ္စည်းမတည်ငွေအပါအဝင် ငွေကျပ် ၁၃ သိန်းခြောက်သောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၅ သိန်းငါးသောင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများအတွက် မတည်ငွေကျပ်သိန်း ၆၀ ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း စုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အကောက်ခွန် လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်များစာရင်းကို ဖတ်ကြား ကြေညာသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အထက်ပန်းဆိုးတန်းလမ်း အမှတ်(၂၇၂) ပထမထပ်ရှိ မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ (နဒီ)သင်တန်းကျောင်းခန်းမတွင် ဇန်နဝါရီ ၅ ရက်က (၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း နဒီနက္ခတ်ဗေဒင်သင်တန်း(ပညာဒါန) ဆင်းပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စိန်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ (ကြေးမုံ)

ခရမ်းမြို့ သာသနဇောတိက မစိုးရိမ်တိုက်သစ် စာသင်တိုက်ဖွင့်ပွဲနှင့် အလှူမင်္ဂလာပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲ၊ သာသနဇောတိက မစိုးရိမ်တိုက်သစ်စာသင်တိုက် ဖွင့်ပွဲ၊ ပင်မနှစ်ထပ်ကျောင်း ဆောင်၊ မဟာဝိဇယသိမ်တော်၊ မဟာဝိဇယ စေတီတော် ရေစက်ချ အလှူမင်္ဂလာပွဲ၊ ထီးတော်တင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၁၉ ရက်တွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ထီးတော်များ လှည့်လည်အပူဇော်ခံပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သို့အတွက် စေတနာရှင်များ တက်ရောက်ကြည်ညိုလှူဒါန်းနိုင်ပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ် ကျောင်းတိုက်အတွင်း သိမ်တော်မြတ်ဆောက်လုပ်ရန်အတွက် သုဝဏ္ဏ မီးဒုံးလမ်းသွယ် (၁)နေ ဖခင်ကြီး ဦးလှကြိုင်၊ မိခင်ကြီး ဒေါ်ကျင်မွေး၊ အစ်မ ဒေါ်ဘေဘီကြိုင်တို့အား ရည်စူး၍ ဒေါ်နန္ဒာသိင်္ဂီနှင့် မောင်နှမများက အလှူတော် ငွေကျပ်သုံးသိန်းတစ်သောင်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေရင်အေးဆရာတော်၏ ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၆

အင်းစိန်မြို့ ရွှေရင်အေး မဟာစည်သာသနာ့ရိပ်သာ၏ ပဓာန နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ပညာနန္ဒသည် ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ သုံးခွမြို့နယ် ညောင်နီကျေးရွာ အရှေ့ကျောင်း၌လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်ညတွင် သုံးခွမြို့ ဥက္ကံဘုရားကြီးစာသင်တိုက်၌လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်ညများတွင် ကဝမြို့နယ် သက္ကလစံပြကျေးရွာ၌လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်ညတို့တွင် ခရမ်းမြို့ မြို့လယ်ဓမ္မာရုံ၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ မြေခဲတောင်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၀၅ ၅။ အကပဒေသာ
- ၅:၂၀ ၆။ မြန်မာစာမြန်မာစကား
- ၅:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၅:၃၅ ၈။ **"မင်းမသိသေးပါဘူးကွာ" (ရော၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
- ၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း-၁၂)**
- ၇:၃၀ ၁၄။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **"စက်မှုအားနှင့်အညီ ရွှေနိုင်ငံသစ်တည်"**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း-၁၄)**
- ၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

အမေရိကန်ဒေါ်လာငွေတန်ဖိုး ဆက်လက်ကျဆင်း

နယူးယောက် ဇန်နဝါရီ ၆

အမေရိကန် ဒေါ်လာငွေသည် ဇန်နဝါရီ ၄ ရက်က နိုင်ငံတကာငွေကြေးများနှင့် ဖလှယ်ရာတွင် တန်ဖိုးဆက်လက် ကျဆင်းနေကြောင်း ယနေ့ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမေရိကန်ဒေါ်လာငွေ တန်ဖိုးကျနေချိန်မှာပင် ဗဟိုဘဏ်က အတိုးနှုန်းများ ထပ်မံလျှော့ချဦးမည်လောဟု ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်ပူပန်လျက်ရှိသည်။ အလုပ်လက်မဲ့နှုန်း မြင့်တက်လာခြင်းကြောင့် စီးပွားရေးဆုတ်ယုတ်မှုလက္ခဏာများကို တွေ့မြင်နေရကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန်ဒေါ်လာငွေသည် ဂျပန်ယန်းငွေ၊ ဆွစ်ဖရန့်ငွေတို့နှင့် ဖလှယ်ရာ၌ တန်ဖိုးကျဆင်းလျက်ရှိသည်။

နယူးယောက် ငွေကြေးဈေးကွက်၌ ဇန်နဝါရီ ၄ ရက်က တစ်ယူရိုလျှင် ၁ ဒသမ ၄၇၇၃ ဒေါ်လာဈေးပေါက်ခဲ့သည်။

ဇန်နဝါရီ ၃ ရက်ကမူ ၁ ဒသမ ၄၇၄၄ ဒေါ်လာဈေး ပေါက်ခဲ့ကြောင်း၊ ဒေါ်လာငွေသည် ယန်းငွေနှင့် ဖလှယ်ရာတွင် ဇန်နဝါရီ ၃ ရက်က ၁၀၉ ဒသမ ၃၃ ယန်း ဈေးပေါက်ခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် ၁၀၈ ဒသမ ၄၅ ယန်းဈေးပေါက်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လူထုအစည်းအဝေးပွဲ မကျင်းပရန် ပြည်သူ့အာဏာပါတီကို တိုက်တွန်း

ဗန်ကောက် ဇန်နဝါရီ ၆

နိုင်ငံအတွင်း မငြိမ်သက်မှုများ ပေါ်ပေါက်လာနိုင်ခြင်းကြောင့် နိုင်ငံရေးလူထုအစည်းအဝေးပွဲကျင်းပခြင်း မပြုလုပ်ရန် ထိုင်းရွေးကောက်ပွဲကော်မရှင်က ပြည်သူ့အာဏာပါတီ(ပီပီပီ)ကို တိုက်တွန်းလိုက်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဘူရီရမ်ပြည်နယ်တွင် ပီပီပီပါတီက လူထုစည်းဝေးပွဲကျင်းပခြင်းဖြင့် ရွေးကောက်ပွဲလွန်ကာလ နိုင်ငံမတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်လိုသူများအတွက် အကြိုက်ဖြစ်စေနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင် အကြီးအကဲ ပရာပန်နေကိုဝစ်က ပြောကြားသည်။

ပီပီပီပါတီမှ ရွေးချယ်တင်မြှောက်ခံရသူ အမတ်သုံးဦးသည် မဲဝယ်ခဲ့သဖြင့် ရွေးချယ်တင်မြှောက်ခံရမှုကို ပြန်လည်ပယ်ဖျက်ရန် ရွေးကောက်ပွဲကော်မရှင်ကဆုံး ဖြတ်ခဲ့ပြီးနောက် ယင်းပါတီလှုပ်ရှားသူ ၂၀၀၀၀ ခန့်က ဘူရီရမ်ပြည်နယ် ရွေးကောက် ပွဲကော်မရှင်ရုံးအနီး ဆန္ဒပြခဲ့ကြ၍ လူထုစည်းဝေးပွဲ မကျင်းပရန် ရွေးကောက်ပွဲကော်မရှင် အကြီးအကဲက တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းအစိုးရအဖွဲ့သစ်ဖွဲ့စည်းနိုင်ရန် ပီပီပီနှင့် ချတ်ထိုင်းပါတီ ပူးပေါင်းဆောင်ရွက်မည်

ဗန်ကောက် ဇန်နဝါရီ ၆

ထိုင်းရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာ ၃၇ နေရာအတွက် ရွေးချယ်ခံထားရသော ချတ်ထိုင်းပါတီသည် အစိုးရအဖွဲ့သစ် ဖွဲ့စည်းနိုင်ရန် ပြည်သူ့အာဏာပါတီ(ပီပီပီ)နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ချတ်ထိုင်းပါတီခေါင်းဆောင် ဘန်ဟန်း စီပါအချာက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

ချတ်ထိုင်းပါတီသည် လွန်ခဲ့သည့်လ ရွေးကောက်ပွဲတွင် အမတ်နေရာ တတိယအများဆုံးရရှိခဲ့သည့် ပါတီဖြစ်သည်။ ဒီဇင်ဘာ ၂၃ ရက် ရွေးကောက်ပွဲတွင် ပီပီပီပါတီက အမတ်နေရာ ၄၈၀ ရှိသည့် ပါလီမန်တွင် ၂၃၃ နေရာရရှိခဲ့ပြီး ဒီမိုကရက်ပါတီက ၁၆၅ နေရာ ရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်တွင် မော်တော်ကားစီးရေ ၁၅၉ ဒသမ ၈ သန်းရှိ

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံတွင် ၂၀၀၇ ခုနှစ် နှစ်ကုန် အခြေပြစာရင်းအရ မော်တော်ကားစီးရေ ၁၅၉ ဒသမ ၈ သန်းရှိကြောင်း၊ ယင်းမှာ ၂၀၀၆ ခုနှစ်ကထက် ၁၀ ဒသမ ၀၂ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပြည်သူများလုံခြုံရေးဝန်ကြီးဌာနက ဇန်နဝါရီ ၄ ရက်၌ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

စုစုပေါင်း မော်တော်ယာဉ်စီးရေ၏ ၉၀ ဒသမ ၆၁ ရာခိုင်နှုန်းမှာ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြစ်ကြပြီး လယ်ထွန်စက်၊ နောက်တွဲယာဉ်နှင့် အခြားယာဉ်များ၏ အရေအတွက်ကိုလည်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ခရီးသည်တင် မော်တော်ကားစီးရေနှင့် ထရပ်ကားစီးရေမှာ ၂၀၀၆ ခုနှစ်စာရင်းနှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၈၆ ရာခိုင်နှုန်းနှင့် ၇ ဒသမ ၄၁ ရာခိုင်နှုန်း အသီးသီး တိုးတက်လာသည်။ ပုဂ္ဂလိကပိုင် ကားစီးရေမှာမူ ၁၀ ဒသမ ၉၂ ရာခိုင်နှုန်း တိုးတက်ကာ တစ်နိုင်ငံလုံးရှိ ကားစီးရေ၏ ၇၆ ဒသမ ၀၉ ရာခိုင်နှုန်းရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အက်ဖ်အေပြိုင်ပွဲမှ အဲဗာတန် ထွက်ခွာရ ချယ်လ်ဆီးနှင့် မန်ယူ အနိုင်ရရှိ

လန်ဒန် ဇန်နဝါရီ ၆

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိနေသည့် အဲဗာတန်အသင်းသည် ဇန်နဝါရီ ၅ ရက်က ကျင်းပသော အက်ဖ်အေဖလား တတိယအကျော့ပွဲ၌ တတိယတန်း ဘောလုံးပြိုင်ပွဲမှ အိုးလ်ဟမ်းအက်သလက်တစ် အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၅ ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရစ်ဂျ်ကွင်း၌ ကျင်းပသော အက်ဖ်အေဖလား တတိယအကျော့ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဒရော့ဘာ(ယာ)က ကွင်းပါ့ခ်ရိန်းဂျားအသင်းမှ ဖစ်ဟောလ်နှင့် ဘောလုံးယှဉ်လုစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၅ ရက် အက်ဖ်အေဖလား တတိယအကျော့ပွဲ၌ ဘာမင်ဂမ်စီးတီး၊ ဘလက်ဘန်းရိုဗာနှင့် ဘော်လတန် အသင်းတို့မှာလည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသည်။

အနိုင်ရရှိ

လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းမှာမူ ကွင်းပါ့ခ်ရိန်းဂျားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်က ဒုတိယရရှိခဲ့သော မန်ချက်စတာယူနိုက်တက်အသင်းမှာ အက်စ်တန်ဗီလာအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်အသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ဆဋ္ဌမနေရာ၌ ရပ်တည်နေပြီး လွန်ခဲ့သည့် ၁၇ ပွဲတွင် နှစ်ပွဲမျှသာ ရှုံးနိမ့်ခဲ့ကာ မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်အသင်းတို့နှင့် ကစားခဲ့သည့် ပွဲများဖြစ်သည်။

ချယ်လ်ဆီးအနိုင်ရ

ချယ်လ်ဆီးအသင်းသည် ကွင်းပါ့ခ်ရိန်းဂျားအသင်းကို အနိုင်ရရှိခဲ့သော်လည်း အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်း မရှိပေ။ ယင်းပွဲတွင် ကွင်းပါ့ခ်ရိန်းဂျားအသင်းမှ ဂိုးသမား လီကမ့်က ကိုယ့်ဂိုး ကိုယ်သွင်းမိရာမှ ချယ်လ်ဆီး ဂိုးရရှိခဲ့သည်။

မန်ချက်စတာအနိုင်ရ

မန်ချက်စတာ ယူနိုက်တက်အသင်းသည် အက်စ်တန်ဗီလာအသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် ဂိုးများကို ခရစ္စတီယာနိုရော်နယ်လ်ဒိုနှင့် လူစားဝင်လာသူ ဝိန်းရူနီတို့က ပွဲချိန် ၈၁ မိနစ်နှင့် ၈၉ မိနစ်တို့တွင် သွင်းပေးခဲ့ကြသည်။

အခြားပွဲရလဒ်များ

စပါးအသင်းမှာမူ ရီးဒင်းအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ဝက်စ်ဟမ်းအသင်းနှင့် မန်စီးတီးတို့ပွဲတွင် ဂိုးမရှိ သရေကျခဲ့ပြီး ဝီဂန်အသင်းက ဆန်းဒါးလန်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **အင်တာနက်**

ထူးထူးခြားခြား နိုင်ငံတကာသတင်းများ

စံချိန်သစ် နှစ်ခု တင်သူ

လန်ဒန်မြို့ Daily Mirror စတူဒီယိုခန်းမ၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃ ရက်က ပြုလုပ်သော စံချိန်ပြုပွဲတစ်ရပ်၌ဒါမီယန်ဖလက်ချာ**(ဝဲပုံ)**သည် ဂျယ်လီ ၁၈၀ ဂရမ် (၆ ဒသမ ၃၄ အောင်စ)ကို တူနှစ်ချောင်းဖြင့် တစ်မိနစ်အတွင်း ကုန်အောင်စားပြီး စံချိန်သစ် တင်နိုင်ခဲ့သည်။

၎င်းပြင် ဒါမီယန်ဖလက်ချာသည် လက်တစ်ဖက်တည်းဖြင့် ကြက်ဥ ၁၂ လုံးကို ကိုင်သည့် စံချိန်ဟောင်းကိုလည်း ကြက်ဥ ၁၉ လုံးကို လက်တစ်ဖက်တည်းဖြင့် ကိုင်ကာ စံချိန်သစ်တင်ခဲ့သည်။

လက်သည်း အရှည်ဆုံး စံချိန်တင်ကြသူများ

မစ်ချီဂန်မြို့သား မယ်လ်ဗင်ဖီဇယ်သည် ၂၅ နှစ်ကြာ လက်သည်းများကို မဖြတ်မတောက်ဘဲ အရှည်ထားခဲ့ရာမှ လက်နှစ်ဖက်ရှိ လက်သည်းစုစုပေါင်း အရှည်မှာ ၉၃၁ စင်တီမီတာ (၃၄၆ လက်မ) ရှိသဖြင့် ကမ္ဘာပေါ်၌ လက်သည်းအရှည်ဆုံး လူသားအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

အမျိုးသမီးများအနက် လက်သည်း အရှည်ဆုံးသူမှာ အမေရိကန်မှ လီးရက်ဒ်မွန် ဆိုသူဖြစ်ပြီး ၁၉၇၉ခုနှစ်၌ နောက်ဆုံး လက်သည်းညှပ်ခဲ့ပြီး အစဉ်တစိုက် ထိန်းသိမ်းလာခဲ့ရာ ယခုအခါ လက်သည်းနှစ်ဖက်အရှည် ခုနစ်မီတာနှင့် ၅၁ဒသမ၃စင်တီမီတာ (၂၄ပေ၊ ၇ဒသမ ၈လက်မ)ရှိကြောင်း သိရသည်။

ကမ္ဘာ့ လက်သည်းအရှည်ဆုံး လူသား မယ်လ်ဗင်ဖီဇယ်(အပေါ်ပုံ) **နှင့်အမျိုးသမီးများအနက် လက်သည်း အရှည်ဆုံး လီးရက်ဒ်မွန်** (ဝဲပုံ)**။**

တယ်လီဖုန်းစာအုပ် ၅၅ အုပ်ဆုတ်ဖြဲသူ

အမေရိကန်နိုင်ငံသား အက်ဒ်ရှယ်လ်တန် ဆိုသူသည် တယ်လီဖုန်းလမ်းညွှန်စာအုပ် ၅၅ အုပ် (စာမျက်နှာပေါင်း ၁၀၄၄ မျက်နှာ)ကို သုံးမိနစ်အတွင်း ဆုတ်ဖြဲပြခြင်းဖြင့် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။ ၎င်းစံချိန်သစ်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ တင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်၌ အလုပ်လက်မဲ့နှုန်း ဒီဇင်ဘာလတွင် ၅ ရာခိုင်နှုန်းအထိ မြင့်တက်

ဝါရှင်တန် ဇန်နဝါရီ ၆

အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဒီဇင်ဘာလတွင် ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း၊ ယင်းမှာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ကြောင်း အလုပ်သမားဌာနက ယနေ့ ပြောကြားသည်။

ဒီဇင်ဘာလ အလုပ်လက်မဲ့နှုန်းသည် မူလခန့်မှန်းချက် ၄ ဒသမ ၈ ရာခိုင်နှုန်းထက် ပိုမိုနေကြောင်း၊ နိုဝင်ဘာလ အလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်း အလုပ်သမားဌာန၏ အစီရင်ခံစာတွင်ဖော်ပြသည်။

အမေရိကန်နိုင်ငံတွင် လွန်ခဲ့သည့်လက အလုပ်အကိုင်သစ် ၁၈၀၀၀ ခန့်သာ ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ စီးပွားရေးနှေးကွေးမှု၏ လက္ခဏာဖြစ်ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လနောက်ပိုင်း အလုပ်အကိုင်သစ် ဖန်တီးနိုင်မှု အနိမ့်ဆုံးဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)က အကောင်းဆုံး အမျိုးသားရေကူး အားကစားသမားဆုရ ရာဇာထွန်းထွန်း (ILBC) အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပထမအကြိမ် Denk Pharma Cup အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက် ညွှန်ကြားရေးမှူး၊ အား/ကာ)ကပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး T.T.O Trading Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦးက အမှာစကား ပြောကြားသည်။

ပြိုင်ပွဲများ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်များ၊ T.T.O Trading Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦးနှင့် ဒါရိုက်တာများက အသက် ၁၂နှစ်အောက်၊ ၁၀နှစ်အောက်နှင့် ရှစ်နှစ်အောက် အမျိုးသားနှင့် အမျိုးသမီး ပြိုင်ပွဲများ၊ မီတာ (၅၀x၄)လွန်းပျံ အလွတ်ကူးပြိုင်ပွဲနှင့် လေးမျိုးကူးပြိုင်ပွဲများတွင် ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက် ညွှန်ကြားရေးမှူး၊ အား/ကာ)က ရွှေလေးခုဖြင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ ရာဇာထွန်းထွန်း (ILBC) နှင့် ရွှေသုံးခု၊ ငွေတစ်ခုဖြင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ ကေဇင်ဝင်း (ရန်ကုန်ရေကူးအသင်း) တို့အား ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် T.T.O Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦးက ၉၇မှတ်ဖြင့် အသင်းလိုက် တတိယဆုရ ကုက္ကိုင်းအသင်းအား ဆုကြေးငွေ ကျပ်တစ်သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ၂၆၄မှတ်ဖြင့် အသင်းလိုက် ဒုတိယဆုရ ရန်ကုန်(က) အသင်းအား ဆုကြေးငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက ၃၁၂မှတ်ဖြင့် ပထမဆုရ ILBC အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ် သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏'နာမည်လုပ်ကြံကြသူများ' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ပြည်ပထွက်ခွာရေးအတွက် လိုအပ်သည့်အထောက်အထားများ၊ နိုထရီ ပြန်ပေးသောရှေ့နေသည် Black List မဖြစ်ရန်လိုအပ်၊ မြဝတီကုန်သွယ်ရေးဇုန်ကို ကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်မည်၊ ဘရူနိုင်းပင်လယ်အော်တွင် သင်္ဘောနစ်မြုပ်မှု မြန်မာသင်္ဘောသားအချို့ပါဝင်ကြောင်းသိရ၊ လျှပ်စစ်မီးရရှိပါက ငွေဆောင်ဟိုတယ်ခများ လျော့ကျလာနိုင်၊ ဆေးကျောင်းဝင်သော သားသမီးများကို လွတ်လပ်ခွင့်ပေးခြင်းသည် မှားယွင်းသောလုပ်ရပ်ဖြစ်၊ သန်လျင်တွင် ဆီခိုးသူများအား ဖမ်းဆီးရမိ၊ မလေးရှားတွင် အလုပ်လုပ်ချင်သူများအတွက် ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဝန်ဆောင်မှုပေးမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့သည့် ဦးအေးကျော်(MHR)၊ အလုပ်နှင့်ပညာရေး 'သင်္ဘောလိုက်ကြမှာလား ဒါတွေကိုသိထား'နှင့် 'ထိုင်းရွေးကောက်ပွဲရလဒ် ဘယ်သူ့အတွက်လဲ' ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'အင်္ဂလန်မှာ ခြေစွာနေတဲ့ စပိန်သား' အားကစားဆောင်းပါးနှင့်အတူ အွန်လိုင်းတွင် တွေ့ဆုံခြင်းက မျှော်လင့်အားထားစရာနှင့် စိတ်ပျက်စရာများကိုဖြစ်စေ၊ ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်တွင် သေဆုံးခဲ့သည့် လေကြောင်းအာဇာနည် ၉၀၀ကျော်အား ဖော်ထုတ်၊ စစ်တပ်ကို စာရင်းမပေးသွင်းမီ ပရိသတ်နှင့် နောက်ဆုံးအကြိမ် တွေ့ဆုံဦးမည့် ဂျောင်ယူး၊ ချို့တဲ့သူတွေကို ဂရုစိုက်ကြဖို့ ဗြိတိသျှဘုရင်မတိုက်တွန်း၊ အာရှတိုက်သားများက ဆိုးရွားလှသည့် သဘာဝဘေးအန္တရာယ်ဆူနာမီကို အမှတ်ရစေသည့် အခမ်းအနားကျင်းပ၊ ဂျပန်နိုင်ငံက သံလိုက်ဓာတ်ဖြင့်သွားသော ကမ္ဘာ့အမြန်ဆုံးရထားကို စီစဉ်၊ ပူတင်က သူ့ခွေးအတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်လိုချင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ရက်က ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပရာ ကျောင်းသူ၊ ကျောင်းသားများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များအပါအဝင် ဝါသနာရှင်ပြည်သူများက လာရောက်ကြည့်ရှုအားပေးကြသည်။

အသက်အရွယ်အဆင့်အလိုက် အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ အပ်နှင့်အပ်ချည်ထိုးပြိုင်ပွဲ၊ သကြားလုံးကောက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲ**(အပေါ်ပုံ)** ကျင်းပပြီး ဆုရရှိကြသူများအား ရပ်ကွက်ဥက္ကဋ္ဌ ဦးမိုးလွင်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်ရပ်မိရပ်ဖများက ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။ (၇၄)

မြို့ပြအင်ဂျင်နီယာ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန် စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာအတန်းသို့ ၁၉၈၀ပြည့်နှစ်တွင် ရောက်ရှိပြီး မည်သည့်နှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ၊ မည်သည့်နှစ်တွင် ကျောင်းသို့ ဝင်ရောက်စေကာမူ ၁၉၈၄ခုနှစ်တွင် ကျောင်းပြီးသော သူငယ်ချင်းများနှင့် ၁၉၈၀-၁၉၈၄ခုနှစ် B.E Civil သူငယ်ချင်းအားလုံး ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကို (၂-၂-၂၀၀၈)ညနေ ၃နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန်ဖိတ်ကြားထားသည်။ သူငယ်ချင်းများအနေဖြင့် (ရန်ကုန်) ဒေါ်နုနုတင် ဖုန်း-၀၉၅၀၀၉၁၂၈၊ ဦးအောင်ဝင်း ဖုန်း-၀၉၅၀၀၈၇၅၂၊ ၂၂၆၈၁၇၊ ဒေါ်မြမြဝင်း ဖုန်း-၀၉၅၁၅၄၆၅၅၊ ၅၁၅၅၅၄၊ ဒေါ်လှလှသွယ် ဖုန်း-၀၉၅၁၂၇၈၇၆၊ ၇၂၁၉၈၄၊ ဦးအောင်ဆန်းဝင်း ဖုန်း-၀၉၅၀၁၇၈၀၉ (မန္တလေး)၊ ဦးနေဝင်းသိန်း ဖုန်း-၀၉၅၀၀၅၅၅၇၊ ဦးဝင်းအောင် ဖုန်း-၀၉၂၀၀၃၇၄၆၊ ၀၂၆၄၀၁၅၊ ဒေါ်ခင်မေဌေး ဖုန်း-၀၉၂၀၀၃၇၄၅၊ (နေပြည်တော်)၊ ဗိုလ်မှူးမင်းဇော် ဖုန်း-၀၆၇၄၀၉၀၆၆၊ ၀၆၇၄၁၃၀၇၁ နှင့် ဒေါ်လွင်လွင်မိ ဖုန်း-၀၆၇၄၀၇၄၆၇ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

သုံးခွမြို့နယ်တွင် ဆန်စက်မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၆

သုံးခွမြို့နယ် စပယ်ချောင်ကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာရှိ ဒို့ဗမာဆန်စက်တွင် ယနေ့နံနက် ၂နာရီ ၁၀မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ နံနက် ၃နာရီခန့်တွင် မီးငြိမ်းသွားသည်။ အဆိုပါဆန်စက်မှာ တစ်နေ့ (၃၅)တန်ကျ ဆန်စက်ဖြစ်ပြီး ပေ(၁၀၀)ပတ်လည်အကျယ်ရှိ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ် ဒီဇယ်လောင်စာသုံး အင်ဂျင်ဖြစ်၍ ဖွဲခွံထည့်သည့် ရိုလာမှ စတင်လောင်ကျွမ်းသည်ဟု ယူဆကြသည်။ မီးမှာ ဆန်စက်တစ်ခုလုံးကို လောင်ကျွမ်းသည့်ပြင် ဆန်စက်အတွင်းရှိ စပါးပုံများ၊ ဆန်အိတ်များအား အပေါ်ယံလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)တွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ထူးချွန်ကျောင်းသူများအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

သန်လျင်မြို့ အခြေခံပညာအလယ်တန်းကျောင်း (မြို့ဟောင်း)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ ဆဋ္ဌမတန်း ပထမဆုရ မောင်အောင်ကျော်ကျော်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၁၇)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစောလွင်က ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသား မောင်ဝေယံဖြိုးအား ဆုချီးမြှင့်စဉ်။ (က-ပ)

လူမှုဝန်ထမ်း ဦးစီးဌာန ဗဟန်းမြို့နယ် စံပြရင်သွေးအိမ် မူလတန်းကြို ကျောင်း၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က ကျောင်းဝင်းအတွင်းကျင်းပရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်း ဦးစီးဌာနရုံးမှ တွဲဖက်တိုင်း ဦးစီးမှူး ဦးဝင်းမောင် ဆုရ ရင်သွေးငယ်များအား ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် **သီရိသုဓမ္မဓဇဓောတရေ ဦးနိုင်ဦး**(မိဘရိပ်)အား **"အဂ္ဂမဟာသီရိသုဓမ္မဓဇဓောတရေ"**ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံ့အကျိုး၊သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန
ဝန်ထမ်းမိသားစုများ

ပြည်သူ့စီးပွား ခရီးသွားဖြင့် ဝိုင်းဝန်း မြှင့်တင်ကြပါစို့

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် ဒေါ်သန်းသန်းစိန်အား **"သီရိသုဓမ္မသင်္ဂီ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန
ဝန်ထမ်းမိသားစုများ

ဒုတိယအကြိမ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲဖိတ်ကြားလွှာ

မန္တလေးတက္ကသိုလ် ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများကို တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ (ရူပဗေဒဌာန) ဆရာ၊ ဆရာမများနှင့် (၁၉၆၃–၂၀၀၇) စာသင်နှစ်အသီးသီးမှ (ရူပဗေဒ)ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ဒုတိယအကြိမ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲကြီးနှင့် ဒုတိယအကြိမ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲကြီး အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်–

ကန်တော့ပွဲအခမ်းအနား – **မန္တလေးတက္ကသိုလ်ဓမ္မာရုံ၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက် (စနေနေ့) နံနက်(၉း၀၀)နာရီ**

ညစာစားပွဲအခမ်းအနား – **အိုရီယင်တယ်ဟောက်စ် (Oriental House) ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်(စနေနေ့) ညနေ(၄း၀၀)နာရီ**

ဒုတိယအကြိမ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

— — — — — — — — — — — — — — —

(၁၉၆၃–၂၀၀၇)ပညာသင်နှစ်အသီးသီးမှ(ရူပဗေဒ)ကျောင်းသား၊ ကျောင်းသူများခင်ဗျား–

ဒုတိယအကြိမ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲကြီးကို အောင်မြင်စွာ အကောင်အထည်ဖော်ကျင်းပနိုင်ရေးအတွက် ကဏ္ဍအသီးသီးမှ လုပ်ငန်းတာဝန်များကို လုပ်အားဖြင့်ကုသိုလ်ယူ ဆောင်ရွက်ကြမည်ဖြစ်ပါသဖြင့် ၁၀–၁–၂၀၀၈ရက်နေ့ မွန်းလွဲ ၁နာရီတွင် မန္တလေးတက္ကသိုလ် (ရူပဗေဒဌာန) အသင်းခန်းမ၌ ကျင်းပမည့် အစည်းအဝေးသို့ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဒုတိယအကြိမ်ရူပဗေဒမိသားစုအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

[အလှူခံရရှိငွေများကို ၁၀–၁–၂၀၀၈ရက်နေ့ အစည်းအဝေးကျင်းပမည့် မန္တလေးတက္ကသိုလ် (ရူပဗေဒဌာန) အသင်းခန်းမတွင် အပ်နှံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။]

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၇၅/က)နေ
ဦးအောင်မြင့်–ဒေါ်ခင်ဖုန်းမြင့် (Good & Best Co.,Ltd.ဆောက်လုပ်ရေး)၊
A&K Gems (ဗိုလ်ချုပ်ဈေး)တို့၏ သား

မောင်ဇော်ထက်အောင်

(Project Planner) Leighton Contractors Pty Ltd,
B.Com (International Management & IT)
Curtin University Western Australia

နှင့်

Western Australia,Perth မြို့နေ
ဦးဆန်းတင့်လွင်–ဒေါ်ဆွေဆွေတို့၏ သမီး

မနှင်းဆီလွင်

(Account Administrator), Iustini Holding Pty Ltd,
Diploma of Accounting College of TAFE Western Australia

တို့၏ ၅–၁–၂၀၀၈ရက်တွင် Sedona Hotel (Grand Ball Room) ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့အား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီး ဒေါ်အေးအေးတို့အား လည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းချီးမြှင့်ပေးပါသော တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး ဒေါ်သဇ္ဇာဝင်းစိန်တို့အား လည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးသောဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအား လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၏ဇနီး ဒေါ်ခင်မေလတ်အား လည်းကောင်း၊ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ဦးစီး ဗိုလ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်အေးအေးသန်းအားလည်းကောင်း၊ သင်္ဂြိုဟ်ရွှေဝါပိုးထည်တိုက်မှ ဦးသောင်းညွန့်နှင့်ဇနီး ဒေါ်သောင်းသောင်း မိသားစုအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မဆုဆွေအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာရွှေဆွဲကြိုးဗန်း ကိုင်ဆောင်ပေးသော မဇာခြည်နှင့် မဇီဇဝါ၊ သတို့သားအရံ မောင်ရဲဝင်းတင်၊ မောင်ဉာဏ်သင်းဦး၊ သတို့သမီးအရံ မမေသူနွယ်၊ မဝင်းပပလွင်၊ မင်္ဂလာတေးသံသာများဖြင့် ညည့်ခံတင်ဆက်ပေးကြသော စန္ဒရားသိန်းမြင့်သန်းနှင့်တေးသံရှင်များ၊ မိတ်ကပ်ခင်စန်းဝင်း၊ ပန်းအလှစန်းစန်းဦး၊ မင်္ဂလာဝတ်စုံ ကိုမြင့်ဝေ(နွယ်ဝတီ) ဗိုလ်ချုပ်ဈေး၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာညည့်ခံပွဲသို့မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာညည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းအပေါင်းတို့အားလည်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ထက်အောင်–မနှင်းဆီလွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
မဟာအင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်(လှိုင်သာယာ)နှင့် အဆင့်တိုးမြှင့်လိုက်သော နည်းပညာတက္ကသိုလ်များတွင် ၂၀၀၈ ပညာသင်နှစ်အတွက် ၂၀၀၈ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးတွင် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်–

ဖွင့်လှစ်ရန်လျာထားသည့်သင်တန်းများ–

(က)	M.E (Civil)	(ဆ)	M.E (Chemical)
(ခ)	M.E(Electronic)	(ဇ)	M.E (Mining)
(ဂ)	M.E (Electrical Power)	(ဈ)	M.E (Textile)
(ဃ)	M.E (Mechanical)	(ည)	M.E (Petroleum)
(င)	M.E (Information Technology)	(ဋ)	M.E (Metallurgy)
(စ)	M.E (Mechatronic)	(ဌ)	M.Arch

၂။ ဝင်ခွင့်လျှောက်ထားကြသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်–

(က) လျှောက်ထားသူနှင့်မိဘနှစ်ပါး (၃)ဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် B.E, B.Archဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) (၂၁–၁–၂၀၀၈) ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူများဖြစ်ရမည်။

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်တင်ပြရမည်။

(စ) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပြီး M.E သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် သင်တန်းသားအရေအတွက်ပေါ်မူတည်၍ Regional အတွင်းရှိ နည်းပညာတက္ကသိုလ် တစ်ခုခုတွင် ပြောင်းရွှေ့တက်ရောက်ရမည်ဆိုလျှင် တက်ရောက်နိုင်ရမည်။

၃။ သတ်မှတ်ချက်ကိုက်ညီသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မိမိတို့ လျှောက်လွှာတင်သည့် နည်းပညာတက္ကသိုလ်များတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်–

ဖြေဆိုရမည့်ဘာသာ	ဖြေဆိုရမည့်နေ့ရက်	အချိန်
(က)အင်္ဂလိပ်စာ	၂၁–၁–၂၀၀၈(တနင်္လာနေ့)	နံနက်၉း၀၀နာရီမှ၁၂း၀၀နာရီထိ
(ခ)သက်ဆိုင်ရာဘာသာရပ်	၂၁–၁–၂၀၀၈(တနင်္လာနေ့)	မွန်းလွဲ၁း၀၀နာရီမှ၄း၀၀နာရီထိ

၄။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့်မိမိတို့ B.E, အောင်မြင်ခဲ့သည့် နည်းပညာတက္ကသိုလ်များတွင် ၁၅–၁–၂၀၀၈ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ အခြားသိလိုသည်များရှိပါက မိမိတို့ လျှောက်လွှာတင်သွင်းသည့် နည်းပညာတက္ကသိုလ်များနှင့် စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန(ရုံးချုပ်)ဖုန်း ၀၆၇–၄၀၄၀၁၅၊ ၀၆၇–၄၀၄၀၁၉၊ ၀၆၇–၄၀၄၀၂၀၊ ၀၆၇–၄၀၄၁၈၂ တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

ထားဝယ်အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ထားဝယ်အသင်း (ရန်ကုန်)၏ (၈၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့ရသူများ ဂုဏ်ပြုခြင်းနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ်လတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Royal Garden Restaurant၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၈–၂၀၁၀ပြည့်နှစ်အတွက် အသင်းအမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် ဇန်နဝါရီ ၁၆ရက်၌ ဆက်သွယ်ရန်နှင့် ၂၀၀၇ခုနှစ်တွင် ပါရဂူဘွဲ့ ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်သား၊ သမီးများ၊ အသက်(၇၅) နှစ်ပြည့် အသင်းဝင် အဘိုး၊ အဘွားများ၊ ၂၀၀၆–၂၀၀၇ပညာသင်နှစ်အတွက် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ခွင့် ရရှိပြီး ပညာသင်ထောက်ပံ့ကြေး ခံစားလိုသူများနှင့် အစည်းအဝေးတွင် အကြံပြုလိုသည့် စာများကို ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ အသင်းရုံးသို့ ပေးပို့နိုင်ကြပြီး လှူဒါန်းလိုသူများသည်လည်း အသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ယနေ့အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ ဖွင့်လှစ်နိုင်ခဲ့ အသွင်သဏ္ဍာန်အားဖြင့် စာကြည့်တိုက်အရေအတွက် ပြည့်စုံသည်ဟုဆိုနိုင်ထူထောင်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကိုပါ ဆက်လက်ဆောင်ရွက်

ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ ပညာ့ အလင်းတန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ဗဟုသုတရှာမှီးနေကြသော ကျေးလက်လူငယ်လူရွယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ "ပညာ့အလင်းတန်း" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်ပြည်သူများ၊ ညောင်ပင်သာ၊ပြန်ကပြေး၊ ပုရွက်ဆိတ်ကုန်းနှင့် မြွေရိုးလေးကျေးရွာတို့မှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၁၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံတကာနည်းတူ ပညာ၊နည်းပညာဖွံ့ဖြိုးတိုးတက်၍ တန်းတူရည်တူ ရပ်တည်နိုင်ရန် ပညာ၊ နည်းပညာဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေသည်ဖြစ်ရာ ကျေးလက်နေပြည်သူများအနေဖြင့် ဗဟုသုတအကြားအမြင်တို့ကို အခြေခံ၍ စာမျက်နှာ ၉ ကော်လံ ၁ သို့

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းမည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား